ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ စနေနေ့။ Saturday, 14 January 2023 ၁၀၉၈၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမမီသည့် တိုင်းရင်းသားဒေသများကို မိမိတို့တပ်မတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားရမည်

# နောင်လာမည့် အနာဂတ်တွင်လည်း ဆရာဝန်တစ်ဦးအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ရေးကို ဆောင်ရွက်ရမည့်နည်းတူ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးကိုလည်း ဦးထိပ်ထားဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသော ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား ဆရာဝန်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ တပ်မတော်သား ဆရာဝန်များကိုယ်စား ဆေးမှူးတစ်ဦးက လက်ခံရယူစဉ်။



ကြေးမုံ

# ငြိမ်းချမ်းစွာအတူယှဉ်တွဲ လက်တွဲပူးပေါင်းနေထိုင်

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ နိုင်ငံတကာဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ကို နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်အဖြစ် အစဉ်တစိုက် အသုံးပြုလာခဲ့သည်။ မျက်မှောက်ကာလ၌ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုလည်း ဆက်လက်ကျင့်သုံးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာကြီး ငြိမ်းချမ်းသာယာဝပြောရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်က ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ တာဝန်များကို ကျေပွန်စွာထမ်းရွက်လျက်ရှိသည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက် စသည့်ဒေသတွင်းနိုင်ငံများ၊ အခြားနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများအား နိုင်ငံတကာဥပဒေ၊ ပဋိညာဉ်၊ သဘောတူညီချက်များနှင့်အညီ ဆက်ဆံဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် နီးကပ်စွာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများသည် နိုင်ငံအချင်းချင်းဆက်ဆံရေး၌ အဓိကကျပြီး အရေးပါသောနိုင်ငံများဖြစ်၍ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် "ပိုင်နက်နယ်မြေကိုအသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံများအပေါ် ဆန့်ကျင်မည့် မည်သည့်အဖွဲ့အစည်းများကိုမျှ လက်ခံသွားမည်မဟုတ်" ဟူသည့် မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘာ့နိုင်ငံကြီးများနှင့်လည်း နီးစပ်စွာ ဆက်သွယ်ဆက်ဆံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာရေးရာကိစ္စများတွင် နိုင်ငံအားလုံး တန်းတူရည်တူရှိမှုနှင့် မိတ်ဝတ်မပျက် မိတ်ဆွေနိုင်ငံများအဖြစ် ဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကိုအကြောင်းပြု၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်လိုသည့် အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့၏ စွက်ဖက်နှောင့်ယှက်မှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့သော စွက်ဖက်နှောင့်ယှက်မှုများရှိနေစေကာမူ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံက ပြဋ္ဌာန်းထားသော နိုင်ငံခြားရေးမူဝါဒများနှင့်အညီ အခိုင်အမာရပ်တည်သွားကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် မိမိနိုင်ငံ မိမိမူဝါဒများဖြင့် တည့်မတ်မှန်ကန်စွာ ရပ်တည်နေသည်ကို အကြောင်းပြုပြီး အမျိုးမျိုးသော ဝေဖန်မှုများ၊ စွက်ဖက်မှုများနှင့် ဖိအားပေးမှုများပြုလုပ်၍ မြန်မာနိုင်ငံအား နိုင်ငံတကာအလယ်တွင် အထီးကျန်အောင် ပြုလုပ်နေသည်ကို နားလည်စာနာပေးသော မိတ်ဆွေနိုင်ငံများလည်းရှိနေသည်။ မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်မှန်နှင့် လက်တွေ့အခြေအနေများအား သဘောပေါက်နားလည်သိရှိပြီး ဝိုင်းဝန်းကူညီ အကြံပေးခဲ့ကြသည့်၊ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အချို့သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံအများနှင့် လူပုဂ္ဂိုလ်များအား ကျေးဇူးတင်အသိအမှတ်ပြုရမည်ဖြစ်သည်။ ဆက်လက်၍လည်း ရေရှည်လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်"ခိုင်မာစေရေးကို ကြိုးပမ်းဆောင်ရွက်မှုများအား နိုင်ငံတကာအနေဖြင့် ပိုမိုနားလည်သဘောပေါက်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ မျက်မှောက်ကာလအထိ ပြာပုံဘဝမှ ဖွံ့ဖြိုးတိုးတက်လာသည်အထိ ဘဏ္ဍာရေး၊ နည်းပညာ၊ အခွင့်အလမ်းများ စသည်ဖြင့် ဘက်ပေါင်းစုံမှ ထောက်ပံ့ကူညီပေးခဲ့ကြသည့် နိုင်ငံများ၊ အဖွဲ့အစည်းများမှာ ကျေးဇူးတင်ထိုက်သူများဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏အကျိုးကိုလိုလားသည့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်များကိုမဆို လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိနေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်နှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့နှင့်အညီ အပြုသဘောဆောင်အကောင်းမြင်သည့် ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး ကို အစမ်းခန့်ကာလ(၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## သထုံမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

သထုံ ဇန်နဝါရီ ၁၃

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင် ပညာရေးမှူးနှင့် တာဝန်ရှိသူတို့က ဘက်စုံထူးချွန်ဆု၊ အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ဆု၊ အဆို၊ အက၊ အရေး၊ အတီး၊ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး ထူးချွန်ဆု စသည့် ကဏ္ဍအလိုက် ဆုရရှိကြ



သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုင်းရှူးမြို့၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မိုင်းရှူး ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိစေရေးအတွက် ယနေ့နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်အောင်ဇော်နှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိစေရေးအတွက် မီတာများ ရပ်နေမှု၊ ပျက်နေမှု၊ နှေးနေမှုများ ရှိ/မရှိစစ်ဆေးဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါဆောင်ရွက်မှုများကို လစဉ်သတ်မှတ်ရက်များအလိုက် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃ - ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၂၀၄ | ၁,၈၁၀,၆၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၂၀၄ | ၆၇၄,၈၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၉ | ၁၄၂,၅၀၀ |
| FPB | ၁၈,၅၀ | ၁၈,၅၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၆၅၀ | ၁၁ | ၂၉,၆၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၀၀ | ၁,၄၇၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၇၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၂.၆၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၃.၇၀၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၈၄.၃၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၈၁၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၆.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၉.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၃၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၉.၇၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်၏ ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ကို ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းကို ဦးစွာ ပြောကြားလိုပါကြောင်း။

**နိုင်ငံ၏ ပထဝီမြေပြင်အနေအထားနှင့် ဝေးလံခေါင်ဖျားဒေသများ၏ ကျန်းမာရေးအခြေအနေ**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး တောတောင်ရေမြေ၊ တောင်တန်း၊ မြေပြန့်နှင့် မြစ်ဝှမ်းလွင်ပြင်အစရှိသည့် မြေမျက်နှာသွင်ပြင်စုံလင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သောဒေသများတွင် မိမိတို့တိုင်းရင်းသားများသည် နေရာအနှံ့ ပျံ့နှံ့နေထိုင်နေကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ သွားလာရခက်ခဲသည့် တောင်တန်းဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပါက လက်လှမ်းမမီခဲ့သည့်အတွက် ကျန်းမာရေးအဆင့်အတန်းသည် ခေတ်အဆက်ဆက် နိမ့်ကျခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

ချင်းပြည်နယ်၏ လက်ရှိကျန်းမာရေးအခြေအနေကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life Expectancy at Birth)သည် (၆၇) နှစ်ဖြစ်ပြီး ချင်းပြည်နယ်၏ မျှော်မှန်းသက်တမ်းသည် (၆၃ ဒသမ ၃)နှစ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် တစ်နှစ်အောက်ကလေးသေဆုံးနှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးအရှင် ၁၀၀၀ မွေးတိုင်း ၁၂ ဦးရှိပြီး ချင်းပြည်နယ်၌ ၁၈ ဦး၊ ငါးနှစ်အောက်ကလေး သေဆုံးနှုန်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးအရှင် ၁၀၀၀ မွေးတိုင်း ၁၅ ဦးရှိပြီး ချင်းပြည်နယ်၌ ၂၅ ဦးရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိခင်သေဆုံးမှုအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးအရှင် တစ်သိန်းမွေးတိုင်း ၁၀၂ ဒသမ ၇ ဦးရှိပြီး ချင်းပြည်နယ်၌ ၁၅၈ ဦးခန့်ရှိသည့်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ငါးနှစ်အောက်ကလေးငယ်များ၌ အာဟာရချို့တဲ့မှုများအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၆ ဒသမ ၇ ရာခိုင်နှုန်းရှိရာ ချင်းပြည်နယ်ရှိ ကလေးငယ်များ၏ ၄၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ဝေးလံခေါင်ဖျားပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမမီသည့် တိုင်းရင်းသားဒေသများကို မိမိတို့တပ်မတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားရမည်ဖြစ်ကြောင်း။

**ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ တပ်မတော်သား ဆေးမှူးအရာရှိများ တာဝန်ထမ်းဆောင်ခဲ့မှု**

ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တပ်မတော်သား ဆေးမှူးအရာရှိများကို ၂၀၁၆ ခုနှစ်ကတည်းက စေလွှတ်ခဲ့ရာ ပထမအကြိမ် ၄၄ ဦး၊ ဒုတိယအကြိမ် ၄၄ ဦး၊ တတိယအကြိမ် ၄၆ ဦးနှင့် စတုတ္ထအကြိမ်တွင် ၁၈ ဦးဖြင့် ဆေးမှူးအရာရှိ ၁၅၂ ဦးကို လေးကြိမ်ခွဲ၍ စေလွှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တတိယအကြိမ် ဆေးအကာအကွယ်ပေးတာဝန်များကို ထမ်းဆောင်ရန်အတွက် ဆေးမှူးအရာရှိ ၄၆ ဦးကို စေလွှတ်ခဲ့ရာ ၄၄ ဦး ပြန်လည်ရောက်ရှိလာခဲ့ပြီး နှစ်ဦးသည် လုံလဲတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ရင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကိုခံခဲ့ရသည့်အတွက် ကျဆုံးခဲ့ရသည်ကိုလည်း စိတ်မကောင်းဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ တတိယအကြိမ် စေလွှတ်ခဲ့သည့် တပ်မတော်သား ဆေးမှူးများသည် တွန်းဇံ၊ မတူပီ၊ မှောင်တလန်၊ လဟယ်နှင့် နန်းယွန်းအစရှိသည့် ဒေသများတွင်ရှိသည့် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ၂၃ နေရာ၌ နှစ်နှစ်နှင့်သုံးလကြာ တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုအထဲမှ ဆေးမှူးအရာရှိနှစ်ဦးဖြစ်သည့် ဗိုလ်ကြီးလှိုင်မြင့်ထွန်းနှင့် ဗိုလ်ကြီးဝင်းကျော်တို့နှစ်ဦးသည် ကျရာတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်းကို ခံခဲ့ရသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

လူတစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ဘဝများရှင်သန်ရပ်တည်ရန် တစ်ဦးချင်းစီ၏ မျှော်လင့်ချက်ပန်းတိုင်များ ရှင်သန်နေရန်လိုကြောင်း၊ **ပြည်သူတစ်ဦးချင်းစီ၏ မျှော်လင့်ချက်ပန်းတိုင် ရှင်သန်ခြင်းမှသည် မိသားစုနှင့်နိုင်ငံတော်၏ မျှော်လင့်ချက်ပန်းတိုင်များ ရှင်သန်စေပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၏အောင်မြင်မှုကို ရရှိလာနိုင်မည်ဖြစ်ကြောင်း၊** ထို့ကြောင့် ထိုကဲ့သို့ဝေးလံခေါင်ဖျားသည့် ဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးမှူးအရာရှိများအနက် ၇၆ ဦးကို ဆေးပညာမဟာသိပ္ပံသင်တန်း တိုက်ရိုက်တက်ရောက်ခွင့် ပြုခဲ့ပြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ **ဆေးမှူးအရာရှိများအနေဖြင့်လည်း မိမိတို့၏ ဘဝမျှော်လင့်ချက်ပန်းတိုင်ကို ရောက်ရှိအောင် မျက်ခြည်မပြတ် ဆက်လက်ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို တိုးတက်အောင် ဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုရရှိခဲ့သည့် ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် စိတ်ရှည်သည်းခံမှု၊ ရှောင့်ရဲတင်းတိမ်မှုများကို မလျှော့ကြရန်မှာကြားလိုကြောင်း။**

ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးမှူးအရာရှိများအနက် ထူးခြားချက်အနေဖြင့် တပ်မတော်သား ဆေးမှူးအရာရှိတစ်ဦးသည် ၂၀၁၈ ခုနှစ်တွင် မတူပီမြို့နယ် ပြည်သူ့ဆေးရုံတွင် ပထမအကြိမ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု ၂၀၂၂ ခုနှစ်တွင်လည်း ဒုတိယအကြိမ်အနေဖြင့် မိမိဆန္ဒအလျောက် လဟယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် ထပ်မံသွားရောက် တာဝန်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရသည့်အတွက် ချီးကျူးဂုဏ်ယူကြောင်းကို ပြောကြားလိုပါကြောင်း။

တပ်မတော်အနေဖြင့် ယခုကဲ့သို့ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင်ရှိသည့် တိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာတွင် ပထမအကြိမ်အနေဖြင့် ဒေသခံပြည်သူလူထု ၂၀၂၃၂ ဦး၊ ဒုတိယအကြိမ်အနေဖြင့် ၁၇၁၀၈၄ ဦး၊ တတိယအကြိမ်အနေဖြင့် ၉၃၆၀၀ စုစုပေါင်း ၄၆၇၀၁၆ ဦးတို့ကို ပြုစုစောင့်ရှောက်မှုများ ပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးနှင့် သားဖွားမီးယပ်ရောဂါ၊ မျက်စိနှင့် နား၊ နှာခေါင်းရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ အစရှိသည့် ရောဂါများခံစားနေရသည့် ဒေသခံပြည်သူလူထုကို ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် မိမိတို့တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ အရေးနှင့်ပတ်သက်ပါက အစဉ်အမြဲဦးထိပ်ထားဆောင်ရွက်ပေးလျက်ရှိသည်ကို ဖော်ပြလျက်ရှိသည့် အချက်များပင်ဖြစ်ကြောင်း။ စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၃ မှ

**ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုများကို အစဉ်အဆက် ဆောင်ရွက်ပေးလျက်ရှိ**

ယခုအချိန်သည် နိုင်ငံတကာနှင့် နိုင်ငံအတွင်း၌ပါ ကပ်ရောဂါ ဘေးဒဏ်များနှင့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ လျော့နည်းကျဆင်းမှုများ ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံများအနေဖြင့် လူဦးရေ ၁၀၀၀ တွင် အနည်းဆုံး ဆရာဝန် တစ်ဦးနှင့် ကျန်းမာရေးလုပ်သား အနည်းဆုံး ၂ ဒသမ ၃ ဦး ရှိသင့်ကြောင်း သတ်မှတ်ထားရာ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် လူဦးရေ ၁၀၀၀ ၌ ဆရာဝန်သုည ဒသမ ၃၇ ဦး၊ ကျန်းမာရေးလုပ်သား ၁ ဒသမ ၄၇ ဦးရှိသည်ကို တွေ့ရှိရပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ထက် လျော့နည်းနေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ မကြာသေးမီက ဖြစ်ပွားခဲ့သော နိုင်ငံရေးပဋိပက္ခတွင် ကျန်းမာရေးဝန်ထမ်းအချို့သည် လုပ်ငန်းခွင်စွန့်ခွာမှုများ ပြုလုပ်ခဲ့သည့်အတွက် နိုင်ငံအတွင်း၌ရှိသည့် ကျန်းမာရေးဝန်ထမ်းအင်အားမှာ များစွာလျော့နည်းခဲ့ရကြောင်း၊ ထိုကဲ့သို့ လျော့နည်းခဲ့သည့်အတွက် လစ်ဟာသွားသည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဖြည့်ဆည်းနိုင်ရန် တပ်မတော်ဆေးရုံ၊ ဆေးပေးခန်းများတွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ ပြင်ပလူနာ ၄၄၉၈၉၂ ဦး၊ ဆေးရုံတက်လူနာ ၁၃၇၀၈၀ ကို ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံ့အရေး၊ တိုင်းရင်းသားပြည်သူများအရေးတို့နှင့် ပတ်သက်ပါက အစဉ်အမြဲဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် **တပ်မတော်၏ မူလတာဝန်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆောင်ရွက်သည့်နည်းတူ ပြည်သူလူထုကျန်းမာရေးနှင့် ပညာရေးများကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ယခုကဲ့သို့ ဝေးလံခေါင်ဖျားသည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များ ထမ်းဆောင်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ **နောင်လာမည့် အနာဂတ်တွင်လည်း ဆရာဝန်တစ်ဦးအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ရေးကို ဆောင်ရွက်ရမည့်နည်းတူ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးကိုလည်း ဦးထိပ်ထား ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလို**ကြောင်းဖြင့် ပြောကြားသည်။



ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များကိုယ်စား ဆေးမှူးဗိုလ်ကြီးလှိုင်မြင့်ထွန်းက ဆေးဝါးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့ရမှုများအား ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားစဉ်။

**ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ တပ်မတော်သား ဆရာဝန်များကိုယ်စား ဆေးမှူးသုံးဦးက လက်ခံရယူသည်။

**တပ်မတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေး အတွက်သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့**

ယင်းနောက် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား ဆရာဝန်များကိုယ်စား ဆေးမှူးဗိုလ်ကြီးလှိုင်မြင့်ထွန်းက ဆေးဝါးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့ရမှုများအား ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိသေးသည့် ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့စဉ် မိမိတို့၏ အသေးစိတ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက နယ်မြေခံဒေသခံလူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည့်အတွက် ယခုကဲ့သို့ မိမိတို့၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် နယ်မြေခံ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဘက်စုံတိုးတက်ရေးလုပ်ငန်းများနှင့် အခြေခံပညာစာပေသင်ကြားရေးများတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဒေသခံပြည်သူလူထု၏ နွေးထွေးသည့် တုံ့ပြန်မှုများကိုလည်း ရရှိခဲ့ကြောင်း၊ မိမိတို့**တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးခဲ့ပြီး လမ်းညွှန်ပြသစောင့်ရှောက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်းနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကျရာတာဝန်များကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများနှင့် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဂုဏ်ပြုလက်ဖက်ရည်သုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသည့် ဆေးရုံများတွင် တပ်မတော်သားဆရာဝန်များ တာဝန်ထမ်းဆောင်ခဲ့မှုအနေဖြင့် ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တပ်မတော်သားဆရာဝန် ၄၆ ဦးဖြင့်လည်းကောင်း တာဝန်လဲလှယ်ထမ်းဆောင်ခဲ့ကြပြီး ယခု ၂၀၂၂ ခုနှစ်တွင်လည်း တပ်မတော်သားဆရာဝန် ၁၈ ဦးသည် စတုတ္ထအကြိမ်အဖြစ် သွားရောက် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ တာဝန်လဲလှယ်ထမ်းဆောင်ချိန်များတွင်လည်း ဒေသခံပြည်သူများက တပ်မတော်သားဆရာဝန်များနှင့် မိသားစုများကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်း၊ ထိုသို့ သွားရောက်တာဝန်ထမ်းဆောင်စဉ် ၎င်းတို့၏ မိသားစုများသည်လည်း အတူတကွလိုက်ပါကြပြီး ကျရာတာဝန်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွ တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

တပ်မတော်သားဆရာဝန်များအနေဖြင့် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ တတိယအကြိမ်အထိ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၄၆၇၀၁၆ ဦးတို့ကို ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဒေသခံပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စားဝတ်နေရေးအထောက်အကူဖြစ်စေရန် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းများ၊ ဒေသဘက်စုံတိုးတက်ရေးလုပ်ငန်းများတွင်လည်း ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ပြီး မိမိတို့ တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဒေသခံပြည်သူတို့၏ အကျိုး၊ နိုင်ငံတော်အကျိုးကို တတ်စွမ်းသရွေ့ သယ်ပိုးထမ်းရွက်နိုင်ခဲ့ကြသဖြင့် ယခုကဲ့သို့ အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**☆ တပ်မတော်၏ မူလတာဝန်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆောင်ရွက်သည့်နည်းတူ ပြည်သူလူထုကျန်းမာရေးနှင့် ပညာရေးများကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်လျက်ရှိ**






တပ်မတော်သား ဆရာဝန်များက ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဦးသိန်းအောင် ကိုယ်စား ဇနီး ဒေါ်စန်းစန်းလွင် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းဝေ(ငြိမ်း) ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း သီရိပျံချီဘွဲ့ရရှိသူ "ဝ" အမျိုးသားပါတီ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ ကိုယ်စား သားဖြစ်သူ ဦးခွန်စောမင်းခေါင် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးဇော်ဝင်း (ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်နွဲ့ဝင်း ကို ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။




ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ရှမ်းပြည်နယ်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ် ကိုယ်စား ဦးစိုင်းရှောင်းဟန် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

✪ ကျောဖုံးမှ

အလားတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက အလင်္ကာကျော်စွာဘွဲ့ ရရှိသူ ဂီတပညာရှင် စန္ဒရားချစ်ဆွေ (ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သန်းသန်း၊ စာရေးဆရာ မောင်မောင်လတ်(နောင်)၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးဇော်ဝင်း(ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်နွဲ့ဝင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်(ငြိမ်း)၊ သီရိပျံချီဘွဲ့ရရှိသူ တရားရေးရာဌာနဝန်ကြီး ဦးခင်မောင်လတ်(ငြိမ်း) ကိုယ်စား သားဖြစ်သူဦးခင်မောင်လေး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ လယ်ယာနှင့်သစ်တောဌာန ဒုတိယဝန်ကြီး ဦးကျော်ထိန် (ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ရီရီဝင်း၊ သီရိပျံချီဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်(ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထဲရေးဝန်ကြီးဌာန ရဲချုပ် ဦးသိန်းအောင်(ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်တင်တင်မြင့်၊ သီရိပျံချီဘွဲ့ရရှိသူ သမ္မတရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင် (ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်ဖြူမာ၊ ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းဝေ(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတိုက်စိုး (ငြိမ်း)၊ သမဝါယမဌာန ဒုတိယဝန်ကြီး ဦးကျော်သန်း(ငြိမ်း)၊ ကျန်းမာရေးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ထွန်းလှဖြူ (ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သန်းသန်းမေ၊ သီရိပျံချီဘွဲ့ရရှိသူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဟန်ဇော်(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်(ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခိုင်နွယ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူစာရေးဆရာ ဦးတင်ခ၊ စာရေးဆရာ ဒေါက်တာသော်ကောင်း၊ အနုပညာရှင် ဦးညွန့်ဝင်း(ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်မကြီး၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးချုပ် စန်းကြည်(ငြိမ်း) ကိုယ်စား သမီးဖြစ်သူ ဒေါ်တင်တင်ကြည်၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးကျောက်ဆောက်သာနိုး(မောင်သာနိုး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်လေးနွယ်၊ စာရေးဆရာ ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဦးညွန့်မောင် (ငြိမ်း)ကိုယ်စား သမီးဖြစ်သူ ဒေါ်ကြူကြူမောင်၊ အမှတ်(၂)စက်မှုဌာန ဒုတိယဝန်ကြီး ဦးဦးစောလှ(ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်အေးရွှေ၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မောင်မြင့်(ငြိမ်း) တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များအား ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းကြသည်။

ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သီရိပျံချီ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ဦးထွန်းမြင့်ကိုယ်စား မြေးဖြစ်သူ ဦးတင်မြင့်လှိုင်၊ "ဝ" အမျိုးသားပါတီ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ ကိုယ်စား သားဖြစ်သူ ဦးခွန်စောမင်းခေါင်၊ ဝဏ္ဏကျော်ထင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ရှမ်းပြည်နယ်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ် ကိုယ်စား ဦးစိုင်းရှောင်းဟန်၊ ဦးကေဗရပျံ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အယ်နီ၊ အလင်္ကာကျော်စွာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ စာရေးဆရာ ဦးသန်းထွန်း တို့ကို ဆုများပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြေပြင်ကွင်းဆင်း တစ်အိမ်တက်ဆင်း

မောင်မုဒိတာ

**မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေး (Working Group) အဖွဲ့။ အမည်သညာက ထူးခြားမှုသိပ်မရှိသော်လည်း ခပ်ဆန်းဆန်းဖြစ်နေသည်။ တစ်အိမ်တက်ဆင်းဆိုသည့်အတွက် အိမ်တိုင်းစေ့ရောက်အောင်သွားကာ လိုအပ်သည့်စာရင်းများ ကောက်ယူရမည့်အဖွဲ့ဖြစ်သည်။ စာရင်းကောက်အဖွဲ့ပေါင်းများစွာဖြင့် သူ့အပိုင်း၊ သူ့အကွက်အလိုက် သတ်သတ်မှတ်မှတ် ပိုင်းခြားကာ မထပ်မကျန်စေဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သတ်မှတ်အချိန်ကာလအတွင်း အပြီးကောက်ယူနေကြပြီ။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ၂၃ ရက်တာကာလ။ အဖွဲ့တစ်ဖွဲ့လျှင် တစ်ရက်ကို အနည်းဆုံး ၂၅ အိမ်ပြီးစီးအောင်ကောက်နိုင်မှသာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ကြမည်။ “တစ်အိမ်တက်၊ တစ်အိမ်ဆင်းမို့ မောတော့မောတာပေါ့၊ ဒါပေမဲ့ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးအတွက်မို့ မမောတော့ဘူး” ဟု ဆိုလာသည့် “အရှိအမှန်စကား” ဇာတ်လမ်းတိုထဲမှ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့မှ ဆရာမလေး၏အပြောကို သတိရမိသည်။ စာရင်းကောက်အဖွဲ့များ၏ အရေးကြီးမှုနှင့် ဆောင်ရွက်ချက်များအပေါ်သိမြင်ကာ မုဒိတာစိတ်လေးဖြစ်မိသည်။**

ယင်းကဲ့သို့ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့သည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးအဖွဲ့ဖြစ်ပြီး အဖွဲ့၏ ဖြစ်တည်မှုကလည်း နိုင်ငံတော်၏အနာဂတ်အတွက် နိုင်ငံတော်အကြီးအကဲများ ကြိုးပမ်းပုံဖော်အားထုတ်မှုများမှ အစပြုခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာအစည်းအဝေးကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က နေပြည်တော်၌ ကျင်းပခဲ့ရာ ယင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အဓိကမှားယွင်းသည်များမှာ နိုင်ငံသားစိစစ်ရေးကတ်များ စနစ်တကျမရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များဖောင်းပွခြင်းနှင့် တစ်ဦးတည်းဆပွားပုံစံဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်များကြောင့် မဲစာရင်းများမမှန်မကန်ဖြစ်ပြီး ရလဒ်အဖြေများ မှားယွင်းခဲ့သည့်ကိစ္စရပ်များဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အမှားများကဲ့သို့ မဖြစ်စေရေး အဓိကထား ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူဦးရေစာရင်းတိကျမှန်ကန်ရေး အမြန်ဆုံးမြေပြင်ကွင်းဆင်းစာရင်းကောက်ယူ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်မှသာ ရွေးကောက်ပွဲမဲစာရင်းများ အမှန်တကယ်ပြုစုနိုင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

### မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးသည် အဓိကအကျဆုံးအခြေခံအချက်ဖြစ်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကို စတင်တာဝန်ယူသည်နှင့် ရှေ့လုပ်ငန်းစဉ်(၅) ရပ်ချမှတ်ကာ လုပ်ငန်းစဉ်အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ မဲစာရင်းအလွဲအမှားများကြောင့် နိုင်ငံတော်ကို အရေးပေါ်ကာလသတ်မှတ်ကာ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းတာဝန်ယူလိုက်ရသည်။ နိုင်ငံတော်အစိုးရသည် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲစာရင်းမှန်ကန်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် “အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်” ဟု အတိအလင်းဖော်ပြကာ အကောင်အထည်ဖော်လျက်ရှိသည်။ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးမှာ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးသည် အဓိကအကျဆုံးအခြေခံအချက်ဖြစ်သည်။ မှန်ကန်သောမဲဆန္ဒရှင်စာရင်းရရှိရန်မှာ လက်ရှိလူဦးရေစာရင်း မှန်ကန်ရေးက အခြေခံကျနေသည်။ မှန်ကန်သောလူဦးရေစာရင်းမှသည် တိကျသော မဲစာရင်းကို ပြုစုနိုင်မည်ဖြစ်သည်။



ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်နေစဉ်။

### မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေး

နိုင်ငံတော်၏ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် လူဦးရေဆိုင်ရာအချက်အလက်များကို အခြေခံအသုံးပြုဆောင်ရွက်ရပါသည်။ ယင်းလူဦးရေဆိုင်ရာ အချက်အလက်များကို နိုင်ငံ၏ လူဦးရေသန်းခေါင်စာရင်း ထုတ်ပြန်ချက်များမှ ရရှိပါသည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် လူဦးရေသန်းခေါင်စာရင်းကို ၁၀ နှစ်လျှင်တစ်ကြိမ်ကောက်ယူနိုင်ရေးဆောင်ရွက်ကြရသည်ပင်။ ယခုနိုင်ငံအတွင်း လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းသည် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် ရည်ရွယ်ချက်ချင်း မတူညီကြောင်း တွေ့ရသည်။ ယခုလုပ်ငန်းစဉ်သည် လူဦးရေစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံလက်ကိုင်ပြု၍ စာရင်းထဲတွင်ပါရှိသူ အိမ်ထောင်စုဝင်မိသားစုများ၏ အချက်အလက်မှန်ကန်မှု ရှိ/မရှိ၊ စာရင်းပါရှိသူများ လက်ရှိနေရပ်တွင် နေ/မနေ၊ ထပ်တိုးလာသူ / လျော့သွားသူ ရှိ/မရှိအပြင် အိမ်ထောင်စုစာရင်းမရှိဘဲ နေထိုင်သူများ တွေ့ရှိရပါကလည်း စာရင်းကောက်ယူသွားမည်ဖြစ်သည်။

### ပန်းခင်းစီမံချက်ကို ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံသားအားလုံးကို ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှု အရည်အချင်းအရကိုင်ဆောင်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးလုပ်ငန်းကို ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) နှင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းကို မိုးပွင့်၊ သစ္စာမှသည် ယခုလက်ရှိ ပန်းခင်းဟူသည့် စီမံချက်များဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေရာအနှံ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။ မိုးပွင့်နှင့် သစ္စာစီမံချက်တို့သည် ဝန်ကြီးဌာန၏ လုပ်ငန်းတစ်ရပ်ကို အတိုင်းအတာတစ်ခုအထိ ပြီးစီးအောင် ရေးဆွဲဆောင်ရွက်ခဲ့သည့် စီမံချက်များဖြစ်သည်။ ယခုဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်က ထိုသို့မဟုတ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏ မဲစာရင်းအရ နိုင်ငံသားကတ်မရှိဘဲ မဲပေးခဲ့သည့် စာရင်းများအပေါ် မူတည်တွက်ချက်သုံးသပ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်ပေးရမည့်အရေအတွက်၊ ပြီးစီးရမည့် ကာလသတ်မှတ်ချက်များဖြင့် အတိအကျဆောင်ရွက်ရမည့် နိုင်ငံတော်စီမံချက်ပန်းခင်းဖြစ်သည်။ လူဦးရေ ၃ ဒသမ ၄ သန်းကျော်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ရသည့် စီမံချက်ဖြစ်သည်။ ယခုလက်ရှိတွင် ပန်းခင်းစီမံချက်ကို ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ပြီး နယ်မြေဒေသအခြေအနေအရ ကွင်းဆင်းဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် မြို့နယ်တချို့တွင်သာ ဆောင်ရွက်ပေးရန် အနည်းငယ်ကျန်ရှိနေသည်။ အကြောင်းကြောင်းကြောင့် ဆောင်ရွက်ပေးရန် ကျန်ရှိသူများနှင့် ၂၀၂၃ ခုနှစ်အတွင်း အသက် (၁၈) နှစ်ပြည့်လာမည့်သူများအတွက် ပန်းခင်းစီမံချက်အဆင့် (၂) ကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

### အွန်လိုင်းမှတစ်ဆင့် နေပြည်တော် (ရုံးချုပ်) Server သို့ ဖြည့်သွင်း

ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နေစဉ်မှာပင် လဝကမြို့နယ်ရုံးအသီးသီး၌ နိုင်ငံသားကတ်ထုတ်ပေးပြီးသူ လူဦးရေစုစုပေါင်း ၅၂ သန်းကျော်၏ နိုင်ငံသားကတ်ပြားထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄)ပါ အချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) ၁၃ သန်းကျော်၏ အချက်အလက်များကို နည်းပညာအကူအညီဖြင့် ကွန်ပျူတာများအသုံးပြုကာ အွန်လိုင်းမှတစ်ဆင့် နေပြည်တော် (ရုံးချုပ်) Server သို့ ဖြည့်သွင်းပေးပို့သည့်လုပ်ငန်းကိုလည်း အောင်မြင်အောင်ဆောင်ရွက်ပြီးဖြစ်သည်။ ယင်းအချက်အလက်များကို နည်းပညာ ဆော့ဖ်ဝဲဖြင့် တိုက်ဆိုင်စိစစ်လိုက်သည့်အခါ လူတစ်ဦးတွင် နိုင်ငံသားကတ်အပိုကိုင်ဆောင်သူများ၊ နံပါတ်တစ်ခုတည်းဖြင့် လူနှစ်ဦးကိုင်ဆောင်သူများ၊ နိုင်ငံသားကတ်မရရှိသေးသူများ၊ လူတစ်ဦးက အိမ်ထောင်စုတစ်ခုထက်ပို၍ အမည်စာရင်းပါရှိနေသူများ၊ အိမ်ထောင်စုအလိုက် အပိုကိုင်ဆောင်ထားသူများ၊ အချက်အလက်မပြည့်စုံသူ၊ မှားယွင်းနေသူများစသည်ဖြင့် တွေ့ရှိရပြန်သည်။ အဆိုပါဖြစ်စဉ်များအတွက် ကာယကံရှင် ပြည်သူများအနေဖြင့် အချိန်မီပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်၊ အတည်ပြုနိုင်ရေးအတွက် မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်များလည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ရှင်းလင်းချပြအသိပေးပြီးလည်းဖြစ်သည်။ သို့သော်လည်း မှန်ကန်သည့်လူဦးရေစာရင်းရရှိရေးမှာ လက်ရှိ Server အတွင်းရှိနေပြီးဖြစ်သည့်အချက်အလက်များ မှန်/ မမှန်၊ နိုင်ငံသားကတ်ရှိ/ မရှိ၊ အိမ်ထောင်စုလူဦးရေစာရင်းရှိ/ မရှိ စသည့်အခြေအနေအရပ်ရပ်ကို မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂၃၃/၂၀၂၂ ဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီကို စာမျက်နှာ ၇ သို့ ❑

◆ **လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးမှာ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးသည် အဓိကအကျဆုံး အခြေခံအချက်ဖြစ်သည်။ မှန်ကန်သောမဲဆန္ဒရှင်စာရင်းရရှိရန်မှာ လက်ရှိလူဦးရေစာရင်း မှန်ကန်ရေးက အခြေခံကျနေသည်။ မှန်ကန်သောလူဦးရေစာရင်းမှသည် တိကျသောမဲစာရင်းကို ပြုစုနိုင်မည်**

◆ **မှန်ကန်သည့်လူဦးရေစာရင်းရရှိရေးမှာ လက်ရှိ Server အတွင်း ရှိနေပြီးဖြစ်သည့် အချက်အလက်များ မှန်/ မမှန်၊ နိုင်ငံသားကတ်ရှိ/ မရှိ၊ အိမ်ထောင်စုလူဦးရေစာရင်းရှိ/ မရှိ စသည့်အခြေအနေအရပ်ရပ်ကို မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ကြရမည်**

❑ စာမျက်နှာ ၆ မှ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကြီးကြပ်မှုဗဟိုကော်မတီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၅၈၄/၂၀၂၂ဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု (Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီများနှင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခဲ့ပြီးလည်း ဖြစ်ပါသည်။

## ၂၃ ရက်ကြာ တစ်အိမ်တက်ဆင်း ကောက်ယူမည်

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ၂၃ ရက်ကြာ တစ်အိမ်တက်ဆင်းကောက်ယူမည်ဖြစ်သည်။ ကောက်ယူမည်ဆိုသော်လည်း သီးသန့်စာရွက်ဖြင့် ကောက်ယူမည်မဟုတ်။ လဝကမြို့နယ်ရုံးအသီးသီးမှ e-ID Server သို့ ပေးပို့ထားသည့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆) များကို သက်ဆိုင်ရာ မြို့နယ်အလိုက်ပုံစံများပြန်လည်ထုတ်ပေး၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအလိုက် ပုံစံပါအချက်အလက်များ မှန်/မမှန်၊ ပြည့်စုံမှု ရှိ/မရှိ တစ်အိမ်တက်ဆင်း မေးမြန်းတိုက်ဆိုင်စစ်ဆေးအတည်ပြုမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် လက်ခံအိမ်ထောင်စုစာရင်းပါ အချက်အလက်များနှင့် ကွဲလွဲမှုရှိသည်များကို မြေပြင်စာရင်းကောက်အဖွဲ့များက သတ်မှတ်ချက်အတိုင်း မှတ်သားဖြည့်စွက်ရေးမှတ်ရမည် ဖြစ်သည်။ နိုင်ငံသားကတ်မရှိသေးပါကလည်း မှတ်သားလာရသကဲ့သို့ လက်ခံအိမ်ထောင်စုစာရင်းတွင် အမည်စာရင်းမပါရှိသူများ တွေ့ရှိပါကလည်း ၎င်းတို့၏ အချက်အလက်များကို မေးမြန်းမှတ်သားကောက်ယူလာရမည်။ လက်ရှိမြေပြင်တွင် နေထိုင်ပြီး အိမ်ထောင်စုလူဦးရေစာရင်းပင် မရှိသေးသူများကို အချက်အလက်များ မေးမြန်း၍ သတ်မှတ်ထားသည့် သီးခြားပုံစံတွင် ဖြည့်စွက်ကောက်ယူလာရမည်ဖြစ်သည်။

ပြင်ဆင်ရမည့်အချက်၊ ကွဲလွဲချက်၊ မပြည့်စုံသည့်အချက်များကို စာရင်းကောက်အဖွဲ့က တစ်ပါတည်း ပြင်ဆင်ဖြည့်စွက်ပေးမည်တော့မဟုတ်။ ယင်းလုပ်ငန်းစဉ်များက လဝက၏ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သက်သက်ရှိပြီးဖြစ်သည်။ စာရင်းကောက်ပြီးနောက်ပိုင်းမှ သက်ဆိုင်ရာလဝကရုံးများတွင် ပြန်လည်လျှောက်ထားဆောင်ရွက်ရမည်ဖြစ်သည်။ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုသည် လက်ရှိ ရှိပြီးသားအိမ်ထောင်စုစာရင်းပါ အချက်အလက်များ ပြည့်စုံမှု၊ မှန်ကန်မှု ရှိ၊ မရှိ၊ လူဦးရေအတိုးအလျော့၊ နိုင်ငံသားကတ်ရပြီး၊ မပြီး၊ နိုင်နံပါတ်မှန်၊ မမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း လုံးဝမရှိသေးသူ စသည့်အချက်အလက်များကို တစ်အိမ်တက် တစ်အိမ်ဆင်း တိုက်ဆိုင်ခြင်းသာဖြစ်သည်။ တစ်ပါတည်း ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်၊ အတည်ပြုရန်က အချိန်မပေးနိုင်ပေ။ မြေပြင်ကွင်းဆင်းကောက်ယူရာတွင်လည်း ဖြေကြားသည့်မိသားစုများတွင် မသန်စွမ်းသတ်မှတ်ချက်ငါးမျိုးဖြစ်သည့် ကိုယ်ခန္ဓာ၊ အမြင်၊ အကြား၊ ဉာဏ်ရည်နှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိသူ ပါရှိပါကလည်း မှတ်သားကောက်ယူခဲ့ရမည်ဖြစ်သည်။ ရည်ရွယ်ချက်က မသန်စွမ်းသူများအတွက် နိုင်ငံတော်က လိုအပ်သည့် ကူညီထောက်ပံ့မှုများကို



ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေးအတွက်ဖြစ်သည်။ ယင်းမသန်စွမ်းအတွက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သတ်မှတ်ပုံစံအတိုင်း စာရင်းကောက်အဖွဲ့က မေးမြန်းဖြည့်စွက်ကောက်ယူရမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရက်တိုတိုအတွင်း မြေပြင်ကွင်းဆင်းကောက်ယူရာတွင် စာရင်းများမှန်ကန်စွာ ဖြည့်စွက်ကောက်ယူနိုင်ရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဗဟိုအဆင့်နည်းပြသင်တန်းကို နေပြည်တော်တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ သတ်မှတ်နေရာများတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆင့်ပွားသင်တန်းများကိုလည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အသီးသီးတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများကိုလည်းကောင်း၊ အိမ်ထောင်စု အနည်းအများ၊ ကောက်ကွက်အနည်းအများပေါ်မူတည်၍ ရက်သတ်မှတ်ဖွင့်လှစ်ဆောင်ရွက်ကြပြီးဖြစ်ပါသည်။ အခြေခံအကျဆုံးဖြစ်သည့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့တွင် လိုက်ပါဆောင်ရွက်ကာ အဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူမည့် ဌာနဆိုင်ရာအမှုထမ်း တစ်ဦး၊ ဒုတိယခေါင်းဆောင်ဖြစ်သည့် ရာအိမ်မှူး (သို့မဟုတ်) ဆယ်အိမ်မှူး တစ်ဦး၊ စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့များ၊ အရန်မီးသတ်၊ ကြက်ခြေနီ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ စသည်တို့မှ နှစ်ဦး၊ ထို့ပြင် လုံခြုံရေးဆိုင်ရာအဖွဲ့ဝင်စသည်တို့ ပါဝင်ဖွဲ့စည်းဆောင်ရွက်ထားသည်။ အဖွဲ့ဝင်ငါးဦးကော်မတီဆိုသော်လည်း လုံခြုံရေးအဖွဲ့ဝင်က နယ်မြေဒေသအခြေအနေပေါ်မူတည်၍ သတ်မှတ်ဖွဲ့စည်းဆောင်ရွက်ကြရမည်ဖြစ်သည်။

## အိမ်ထောင်ဦးစီးက ဖြေကြားနိုင်

မြေပြင်ကွင်းဆင်းကောက်ယူရာတွင် အိမ်ရှိလူကုန် မေးမြန်းကောက်ယူမည်တော့မဟုတ်။ စာရင်းကောက်ချိန်တွင် အိမ်ထောင်ဦးစီးရှိပါက အိမ်ထောင်ဦးစီးက ဖြေကြားနိုင်ပြီး အိမ်ထောင်ဦးစီးမရှိလျှင် အိမ်ထောင်စုဝင်တစ်ဦးဦးက ဖြေကြားလျှင်ရပြီ။ မေးမြန်းသမျှ ဖြေကြားပြီးလျှင်တော့ အိမ်ထောင်စုဝင်များနှင့်ပတ်သက်၍ လိုအပ်လျှင် ဆက်သွယ်နိုင်ရန် တယ်လီဖုန်းနံပါတ်ကို မှတ်သားလာရန်လိုအပ်သကဲ့သို့ ဖြေကြားသူကလည်း ဖြေကြားမှုအတွက် သတ်မှတ်ပုံစံမှာ လက်မှတ်ရေးထိုးပေးရမည်ဖြစ်ပါသည်။ သွားရောက်ကောက်ယူသည့်အိမ်တွင် လူတစ်ဦးတစ်ယောက်မျှမရှိပါက ထုတ်ပေးလိုက်သည့် အိမ်ထောင်စုလူဦးရေစာရင်းကို ကန့်လန့်ဖြတ်ခြစ်၍ ပုံစံတွင် “လူမရှိ” ဟု မှတ်သားလာမည်ဖြစ်သည်။ လူအများစုပေါင်းနေထိုင်သည့် ဘိုးဘွားရိပ်သာ၊ ဂေဟာ၊ ဘာသာရေးကျောင်း၊ အဆောင် စသည်တို့ကိုလည်းကောက်ယူမည်ဖြစ်ပြီး ရိပ်သာတာဝန်ခံ၊ ဂေဟာမှူး၊ ဘာသာရေးခေါင်းဆောင်၊ အဆောင်မှူးတို့က အိမ်ထောင်ဦးစီးအဖြစ် တာဝန်ခံ၍ တိုက်ဆိုင်စစ်ဆေးမေးမြန်းမှုများကို ဖြေကြားအတည်ပြုလက်မှတ်ရေးထိုးပေးလျှင်အဆင်ပြေပြီ။ နိုင်ငံသားကတ်မရရှိသေးသူများအတွက်လည်း မှတ်သားလာပြီး လဝကရုံးနှင့်ဆက်သွယ်၍ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နိုင်မည်။

မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့က ရက်အလိုက်၊ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ကောက်ယူလာသည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံများကို အဖွဲ့ခေါင်းဆောင်နှင့် ရာအိမ်မှူး(သို့မဟုတ်) ဆယ်အိမ်မှူးတို့က သတ်မှတ်နေရာတွင် လက်မှတ်ရေးထိုးကာ စနစ်တကျ ထုပ်ပိုး၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ ပေးပို့အပ်နှံရမည်။ မသန်စွမ်းအတွက် ကောက်ယူရရှိသည့်ပုံစံများကို တာဝန်ရှိသူအဆင့်ဆင့်က သက်ဆိုင်ရာလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ခရိုင်ဦးစီးဌာနမှူးရုံးများသို့ လွှဲပြောင်းပေးပို့အပ်နှံကြရမည်။ စာရင်းကောက်အဖွဲ့များအတွက်က ယခုကဲ့သို့ သတ်မှတ်ကာလအတွင်း သတ်မှတ်ကောက်ကွက်များကို သတ်မှတ်ပုံစံများအတိုင်း ကောက်ယူပြီးစီးပြီဆိုပါက ၎င်းတို့အတွက် တာဝန်ကျေကျေ ဆောင်ရွက်ခဲ့သူများအဖြစ် ဂုဏ်ယူနိုင်ပြီ။ သို့သော် လုပ်ငန်းစဉ်ကတော့မပြီးသေးပါ။ မြို့နယ်လဝကရုံးများသို့ ရောက်ရှိလာသည့် အိမ်ထောင်စုစာရင်းများကို လဝကဝန်ထမ်းများနှင့် လိုအပ်ပါက အခြားကူညီဆောင်ရွက်ပေးမည့်သူများက e-ID

> နိုင်ငံတော်၏ အနာဂတ်အတွက် ပြည်သူများ၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လူဦးရေစာရင်းမှန်ကန်ရေးအတွက် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ ယင်းလုပ်ဆောင်ချက်ကို မကြိုက်သူများကလည်း ဖျက်လိုဖျက်ဆီး လုပ်လာနိုင်သည်။ နိုင်ငံတော်ကလည်း ဘက်ပေါင်းစုံမှကြည့်၍ အပြုသဘောဆောင် အောင်မြင်အောင် ဆောင်ရွက်သွားမည်သာ။ နိုင်ငံ့အကျိုး၊ အများအကျိုးအတွက် မဆုတ်မနစ်သော ဇွဲလုံ့လအပြည့်ဖြင့် ကြိုးပမ်းနေမည်

Software Program အတွင်း စာရင်းများတိုက်ဆိုင်ဖြည့်စွက်ခြင်း၊ အချက်အလက်အမှားများ ပြန်လည်ပြင်ဆင်ခြင်း၊ မဖြည့်သွင်းရသေးသည့်အချက်များ ပြန်လည်ဖြည့်သွင်းခြင်း၊ အိမ်ထောင်စုအလိုက် လူဦးရေစာရင်းများ မှန်ကန်မှု ရှိ၊ မရှိ စိစစ်အတည်ပြုခြင်းတို့ကို နေပြည်တော်ရုံးချုပ် Server သို့ အွန်လိုင်းဖြင့် ချိတ်ဆက်ကာ စနစ်တကျဖြည့်သွင်းမှုက ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ လက်ရှိ နိုင်-၄ နှင့် အထစပုံစံ (၆၆/၆) တို့နှင့်လည်း တိုက်ဆိုင်စိစစ်ရမည်ပင်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ကွင်းဆင်းကောက်ယူရရှိလာသည့် အိမ်ထောင်စုလူဦးရေစာရင်း အချက်အလက်များကို နေပြည်တော်ရုံးချုပ် Server သို့ စိစစ်အတည်ပြု ဆောင်ရွက်ပြီးပြီဆိုပါက လူဦးရေစာရင်းအချက်အလက်အမှန် ပြုစုနိုင်ပြီ။ နိုင်ငံသားကတ်ရှိပြီးသူ၊ မရှိသေးသူ ပြုစုနိုင်ပြီ။ သေဆုံးသူပယ်ဖျက်၍ မွေးဖွားသူစာရင်းတိုး၊ နိုင်ငံသားကတ်(မှတ်ပုံတင်) မရှိသေးသူများအတွက်လည်း လဝက၏ ပန်းခင်းက အဆင်သင့်ကြိုလင့်လျက်။ ယင်းလုပ်ငန်းစဉ်များ အားလုံးဆောင်ရွက်ပြီးစီးပြီဆိုပါက နိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေစာရင်းကိုရရှိနိုင်မည်။ ပြီးလျှင် မဲပေးပိုင်ခွင့်ရှိသူစာရင်းပြုစုနိုင်မည်၊ ပြီးလျှင် တိကျမှန်ကန်သည့် မဲစာရင်းပြုစုနိုင်မည်။

ယင်းကဲ့သို့ မဲစာရင်းအမှန် ပြုစုပြီးပါက နိုင်ငံတော်၏ အနာဂတ်အတွက် မဖြစ်မနေဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ဖော်ဆောင်လျက်ရှိသည့် တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်မည်။ အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးပါက အနိုင်ရပါတီကို နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို လွှဲပြောင်းပေးနိုင်မည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်။ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုသည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်သည်။ ပန်းတိုင်သို့ တစ်ဆင့်ချင်းချီတက်ရမည်ဆိုသော်လည်း အောက်ခြေအဆင့်တစ်ခုဖြစ်သည့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူခြင်းကလည်း အဓိကကျလှသည်။

## အောင်မြင်အောင်ဆောင်ရွက်သွားမည်

ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်အတွက် ပြည်သူများ၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လူဦးရေစာရင်းမှန်ကန်ရေးအတွက် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ ယင်းလုပ်ဆောင်ချက်ကို မကြိုက်သူများကလည်း ဖျက်လိုဖျက်ဆီးလုပ်လာနိုင်သည်။ နိုင်ငံတော်ကလည်း ဘက်ပေါင်းစုံမှကြည့်၍ အပြုသဘောဆောင် အောင်မြင်အောင်ဆောင်ရွက်သွားမည်သာ။ နိုင်ငံ့အကျိုး၊ အများအကျိုးအတွက် မဆုတ်မနစ်သော ဇွဲလုံ့လအပြည့်ဖြင့် ကြိုးပမ်းနေမည်ဖြစ်သည်။

ကွင်းဆင်းကောက်ယူသူများက တစ်အိမ်တက်ဆင်း မမောနိုင်မပန်းနိုင် ကောက်ယူနေကြပြီ။ မေးမြန်းကောက်ယူမှုများအပေါ် ဖြေကြားမည့်ပြည်သူများကလည်း လုပ်ငန်းအပေါ်နားလည်သဘောပေါက်ကာ လိုက်ပါပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်လှသည်။ ယခုဆောင်းပါးလေးကို ဖတ်မိလျှင်တော့ ကွင်းဆင်းစာရင်းကောက်များ၏ လုပ်ငန်းက နက်နဲကျယ်ပြန့်၍ နိုင်ငံအတွက် အရေးပါမှုကို သိရှိသကဲ့သို့ အများပြည်သူအနေဖြင့်လည်း နိုင်ငံတော်၏ အနာဂတ်အတွက် တစ်တပ်တစ်အားပူးပေါင်းပါဝင်မှုအဖြစ် လူဦးရေစာရင်းအချက်အလက်တိုက်ဆိုင်စိစစ်မှုအပေါ် မုဒိတာစိတ်လေးဖြင့် အလေးထားဖြေကြားကြလိမ့်မည်ဟု ယုံကြည်ပါသည်။ မြေပြင်ကွင်းဆင်း တစ်အိမ်တက်ဆင်းစာရင်းကောက်ယူနေကြသူအားလုံးအား လေးစားဂုဏ်ပြုပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း သတ်မှတ်ချက်များနှင့်အညီ ပြီးစီးအောင်မြင်ပါစေကြောင်း ဆန္ဒပြုကာ မုဒိတာပွား မှတ်တမ်းပြုအပ်ပါသည်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများအား တွေ့ဆုံအားပေးပြီး အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်

**လွိုင်ကော် ဇန်နဝါရီ ၁၃**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် လွိုင်ကော်လေဆိပ်သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှမိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ သင်တန်းကျောင်းမှ ကျောင်းသားများက အကအလှများဖြင့် နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးစောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူတို့သည် လွိုင်ကော်မြို့ ခရစ်တော်ဘုရင်ဗဟိုဘုရားကျောင်းသို့ သွားရောက်ပြီး လွိုင်ကော်ကက်သလစ်သာသနာမှ ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် ဘုရားကျောင်းတွင် ယာယီနေထိုင်လျက်ရှိသည့် ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား စသည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တဇိနေဘာသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက်




ဘုန်းတော်ကြီးကျောင်းရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ကယားပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး ဇန်နဝါရီ ၁၅ ရက်တွင် လွိုင်ကော်မြို့ ကယားပြည်နယ်ခန်းမ၌ ကယားပြည်နယ်နေ့ မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ပွဲနှင့် လူထုအခမ်းအနား၊ ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ခြင်းအခမ်းအနားတို့ကို ကျင်းပသွားမည်ဖြစ်ပြီး ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် လွိုင်ကော်မြို့ ဦးသီရိကတ္တရာကွန်ကရစ်လမ်းနှင့် မင်းကျောင်းကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲများ ပြည်နယ်အားကစားကွင်းအတွင်း မီတာ ၄၀၀ Synthetic ဖွင့်ပွဲ၊ ကိုယ်ကာယလေ့ကျင့်ရေးအားကစားခန်းမဖွင့်ပွဲနှင့် ဌာနဆိုင်ရာပြခန်းဖွင့်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်သစ်ကူးမိတ်ဆုံစားပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်သစ်ကူး မိတ်ဆုံစားပွဲနှင့် ကံစမ်းမဲဖောက်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



**လမ်းညွှန်မှုပြုထား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝန်ထမ်းများနှင့် အလုပ်များအတူတကွ လုပ်ကိုင်စဉ် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ဆောင်ရွက်ရန်၊ အထက်အောက်အပြန်အလှန် လေးစားမှုတိုးမြင့်လာရန်၊ မိသားစုစိတ်ဓာတ်ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် ဦးစီးဌာန၊ စက်မှုလုပ်ငန်းများအလိုက် မိတ်ဆုံစားပွဲများကို အလှည့်ကျ ကျင်းပပေးနေခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများကိုလည်း တိတိကျကျ လိုက်နာရမည်ဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များအပေါ် ပညာရှင်ဆန်ဆန်၊ အသိပညာရှိမှု၊ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများအပေါ် သံယောဇဉ်ရှိမှု၊ သစ္စာရှိစွာဖြင့် ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် Regulatory Body တာဝန်များကို ကျေပွန်အောင် အစဉ်အမြဲ လေ့လာသုံးသပ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာန၏ မူလရည်ရွယ်ချက်သည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ကြောင်း၊ ဌာနအတွင်း၌ မိမိတို့လုပ်ငန်းနှင့် သက်ဆိုင်သည့် အသိပညာ၊ အတတ်ပညာ တိုးတက်ပြန့်ပွားရေးအတွက် အသိပညာဖလှယ်ရေးဆွေးနွေးပွဲများ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်ဝန်ထမ်းများ အနေဖြင့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝအောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နှစ်သစ်ကို ပိုင်ဆိုင်ကြစေရန် ဆန္ဒပြုကြောင်းနှင့် လုပ်ငန်းတာဝန်များကို ဆတက်ထမ်းပိုးကျေပွန်အောင် ထမ်းဆောင်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ကြပြီး ဝန်ထမ်းများအား ဗလာမပါကံစမ်းမဲ ဖောက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရနည်းပညာ အထက်တန်းကျောင်း(ဘားအံ)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(ဘားအံ) တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနန်းမိုးမိုးကြည်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဘားအံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ Moderator အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက ဆောင်ရွက်ပြီး အစိုးရနည်းပညာ အထက်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများဖြစ်ကြသည့် မောင်ဟိန်းညီစိုးက လူငယ်နှင့်အားကစား၊ စောမြတ်ဘုန်းသူက လူငယ်နှင့် လူမှုဆက်ဆံရေး၊ မောင်ကျော်ဘိုဘိုက လူငယ်နှင့် အိုင်တီနည်းပညာ၊ နန်းလင်းလင်းချိုက လူငယ်နှင့်အသက်မွေးဝမ်းကျောင်း၊ မောင်ထင်အောင်လင်းက လူငယ်နှင့်ပညာရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြရာ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အပြန်အလှန်မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး Voice of the South Summit သို့ တက်ရောက်




**နေပြည်တော် ဇန်နဝါရီ ၁၃**

အိန္ဒိယသမ္မတနိုင်ငံမှ Virtual စနစ်ဖြင့် ကျင်းပသည့် Voice of the South Summit ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ပါဝင်တက်ရောက်သည်။

**စတုတ္ထကုန်သွယ်မှုအများဆုံးနိုင်ငံ**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ပြီး အရေးပါသည့် စီးပွားရေးမိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံ ၁၇၀ တွင် အိန္ဒိယနိုင်ငံသည် စတုတ္ထကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်ကြောင်း။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြင့်တက်စေရေး ပူးပေါင်းဆောင်ရွက်သွားရန် ဒေသတွင်းရှိ အခြားမိတ်ဖက်နိုင်ငံများကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် ပိုမိုအားကောင်းစေရေးအပြင် စီးပွားရေးအလားအလာကောင်းများ ရှာဖွေရန်၊ ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန်နှင့် ခရီးသွားလုပ်ငန်းများ ကောင်းမွန်စေရန် တိုက်တွန်းဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ရေး၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ထုတ်လုပ်မှုနည်းပညာ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့တောင်ဘက်ပိုင်းရှိ နိုင်ငံများအားလုံးနှင့် နှစ်နိုင်ငံ၊ နိုင်ငံစုံနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပူးပေါင်းချိတ်ဆက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၂၅ နိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများတွင် ကျရာအခန်းကဏ္ဍမှ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင်နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။




**ဂုဏ်ယူအသိအမှတ်ပြု**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၂၃ခုနှစ် ဇန်နဝါရီ ၄ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအားလုံးကို ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူအသိအမှတ်ပြုကြောင်း၊ အလားတူ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ စတင်လေ့ကျင့်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ရက်အထိ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားတွင်ပါဝင်ခဲ့ကြသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ ချီတက်စစ်ကြောင်းနှင့် ထိုင်ကြည့်စစ်ကြောင်းများတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများကိုလည်း ဂုဏ်ယူအသိအမှတ်ပြုကြောင်း၊ ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ယဉ်ကျေးမှုအဖွဲ့ဝင်များကို တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကြိုဆိုကျွေးမွေးရေး ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ အလှပြယာဉ်နှင့် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် အားကစားကွင်း/အားကစားရုံ အသီးသီးတွင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ အားကစားပြိုင်ပွဲများ မှတ်တမ်းတင်ရေးနှင့် သတင်းထုတ်ပြန်ရေးအတွက် ရိုက်ကူးရေးတာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအားလုံးတို့ကိုလည်း ဂုဏ်ယူအသိအမှတ်ပြုကြောင်း၊ သို့ဖြစ်ပါ၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသူများအားလုံးကို ဝန်ကြီးဌာနမှ ဂုဏ်ယူအသိအမှတ်ပြုသည့်အနေဖြင့် ဝန်ထမ်းတစ်ဦးလျှင် ဆန် သုံးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ ၃၀ ကျပ်သားနှုန်းဖြင့် ဝန်ထမ်း ၇၄၃ ဦးအတွက် ဆန် ၉၄ အိတ်၊ ဆီ ၃၇၅ ပိဿာ၊ ကုလားပဲ ၂၂၅ ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် ၉၉၅၂၅၀၀ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် စုစုပေါင်း ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် တစ်ခုရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများ/နည်းပြဝန်ထမ်းများနှင့် အားကစားပြိုင်ပွဲများအောင်နိုင်ရေး စွမ်းစွမ်းတမံ အားပေးခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို အထူးပင်ဂုဏ်ပြုကြောင်း၊ နောင်ကျင်းပမည့် အားကစားပြိုင်ပွဲများတွင်လည်း ယခုထက်ပိုမို အောင်မြင်မှုများရရှိစေရန်အတွက် ဝန်ကြီးဌာနကိုယ်စားပြု တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ အလားတူ နိုင်ငံတော်အဆင့် အခမ်းအနားများ၌ ဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ စည်းစည်းလုံးလုံး တက်တက်ကြွကြွနှင့် ဝန်ကြီးဌာနကိုယ်စား နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ကြိုးစားပေးကြစေလိုကြောင်း ပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား၌ ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ထိုင်ကြည့်စစ်ကြောင်း၊ အလှပြယာဉ်နှင့် အားကစားပြိုင်ပွဲများကျင်းပရေးအတွက် အားကစားကွင်း/အားကစားရုံအသီးသီးတွင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲကျင်းပရေးကိစ္စများ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးကိစ္စများတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ အားကစားပြိုင်ပွဲများတွင် မှတ်တမ်းတင်ရေး၊ သတင်းထုတ်ပြန်ရေးနှင့် ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လည်းကောင်း ဆန်၊ ဆီနှင့် ကုလားပဲများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုနှင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနေမှုများ ကွင်းဆင်းကြည့်ရှု

**သာစည် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံနေမှုနှင့် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရန် တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

သာစည်မြို့နယ်တွင် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ဆေးထိုးစုရပ်များ၌ ဆက်လက်ထိုးနှံပေးလျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဆေးထိုးစုရပ်သို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမည့် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူ ၂၁၆၀၂ ဦးရှိပြီး ယနေ့အထိ ၄၀၀၀ ကျော် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် အုတ်တွင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရန် တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



သာစည်မြို့နယ်တွင် e-ID စာရင်းအရ မြို့ပေါ် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၀ တို့တွင် အိမ်ထောင်စု ၅၅၉၂၅ စုနှင့် လူဦးရေပေါင်း ၂၃၇၂၈၉ ဦးရှိပြီး ယမန်နေ့အထိ အိမ်ထောင်စု ၁၃၉၉၅ စုနှင့် လူဦးရေ ၆၁၆၅၂ ဦး ကောက်ယူပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပဉ္စမအသုတ်စီမံကိန်းများစတင်ကြောင်း အသိပေးကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၃

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသည့်အတွက် မြန်မာ့ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရေးကို များစွာအထောက်အကူဖြစ်စေနိုင်သဖြင့် အကျိုးကျေးဇူးများစွာရှိသော စီမံကိန်းလုပ်ငန်းဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ အထောက်အပံ့ဆိုင်ရာစီမံကိန်း ၃၁ ခုကို နယ်ပယ်အလိုက် ရည်မှန်းထားသော ရည်ရွယ်ချက်များ ပြည့်ဝသည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့သည့် ပဉ္စမအသုတ်စီမံကိန်းများ စတင်ကြောင်း အသိပေးကြေညာခြင်းအခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။



အစီအစဉ်အရ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံမှူးကြီး Dr. Zheng Zhihong တို့က အမှာစကားပြောကြားကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၁၈)၊ (၂၀၂၀) နှင့် (၂၀၂၁)တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့သည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် စီမံကိန်းဆောင်ရွက်ခွင့်ရရှိသော လုပ်ငန်းအကျဉ်းချုပ် အခြေအနေများကို သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စီမံကိန်းစုစုပေါင်း ၃၁ ခုအား စုစုပေါင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းဖြစ်ရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၁၇)ဖြင့် စီမံကိန်းငါးခု၊ (၂၀၁၈)ဖြင့် စီမံကိန်းကိုးခု၊ (၂၀၂၀)ဖြင့် စီမံကိန်းခြောက်ခု၊ (၂၀၂၁)ဖြင့် စီမံကိန်းလေးခုအား အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ယခု မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့သည့် စီမံကိန်း ခုနစ်ခုတွင် ရော်ဘာကြိတ်ခွဲခြင်းလုပ်ငန်း၊ အရည်အသွေးကောင်း ကြံမျိုးထုတ်လုပ်ခြင်း၊ နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း အားပေးမြှင့်တင်ခြင်း၊ ရေချိုငါးအမျိုးမျိုးအား အရည်အသွေးပြည့်မီအောင် ပြုပြင်ဆောင်ရွက်ခြင်း၊ သီးနှံအထွက်နှုန်းခန့်မှန်းသော ဌာနတည်ထောင်ခြင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးခြင်းဆိုင်ရာ ဓာတ်ခွဲခန်းတည်ထောင်ခြင်း၊ သီးနှံဆုံးရှုံးမှုအား ခန့်မှန်းလေ့လာခြင်း စသည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်၍ အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးရေးကို တစ်စိတ်တစ်ပိုင်း မှီခိုနေကြသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ရုပ်ရှင် Indoor Setting Room များ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် တပ်ဆင်တည်ဆောက်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရာ၌ ရိုက်ကူးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် ကုန်ကျစရိတ် သက်သာစေရန် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ ရုပ်ရှင်အစည်းအရုံးခန်းမ၌ Indoor Setting Room များ တပ်ဆင်တည်ဆောက်နေကြောင်း သိရသည်။



၂၀၂၂ ခုနှစ်မှစ၍ ရုပ်ရှင်ဇာတ်ကားကြီးများအစား ဇာတ်လမ်းတွဲများကို ရိုက်ကူးမှုများလာရာ ထိုသို့ရိုက်ကူးရာ၌ ဆေးရုံဇာတ်ဝင်ခန်းများ ရိုက်ကူးရာတွင် အခက်အခဲမရှိစေရန်နှင့် ပြင်ပငှားရမ်းမှုထက် သက်သာစေရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ဆေးရုံနှင့် အခြားသော Indoor Setting Room များကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ စတင်တည်ဆောက်ခဲ့ပြီး ခွဲစိတ်ခန်း၊ ရဲစခန်းနှင့်သက်ဆိုင်သော Setting များကိုလည်း တည်ဆောက်လျက်ရှိကာ ယခုနှစ်ဆန်းပိုင်းဖြစ်သော ဇန်နဝါရီလကုန်ပိုင်းတွင် တပ်ဆင်တည်ဆောက်မှု ပြီးစီးမည်ဖြစ်သည်။

"အနုပညာလှုပ်ရှားမှုတွေက အခုဆိုရင် ရုပ်ရှင်ဇာတ်လမ်းတွဲအရှည်နဲ့ အတိုတွေရိုက်လာတဲ့အတွက် ထုတ်လုပ်သူ၊ ဒါရိုက်တာနဲ့ အနုပညာရှင်တွေ ရိုက်ကူးရေးမှာ အခက်အခဲမရှိအောင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဆေးရုံဆက်တင်တွေကို တပ်ဆင်တည်ဆောက်နေတာပါ။ စီစဉ်ထားတာကြာပါပြီ။ အခုမှအကောင်အထည်ဖော်ဖြစ်တာပါ။ ရုပ်ရှင်ရိုက်ကူးရာမှာ လွတ်လွတ်လပ်လပ်နဲ့ ကျယ်ကျယ်ဝန်းဝန်းရိုက်ကူးနိုင်အောင် စီစဉ်နေတာဖြစ်ပြီးတော့ ယခုထက် တိုးချဲ့တည်ဆောက်ဖို့လည်း ရှိပါတယ်။ ရိုက်ကူးသူတွေလိုအပ်တဲ့ဆက်တင်ပုံစံတွေ တောင်းဆိုမှုအတိုင်း ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးသွားမှာပါ။ Indoor အတွက် တပ်ဆင်တည်ဆောက်ပေးမယ့်အပြင် Outdoor အတွက်ဆိုရင် သန်လျင်မှာ ၁၀ ဧက၊ အမြန်လမ်းမိုင်၂၀ မှာ ဧက ၂၀၀ နဲ့ ပြင်ဦးလွင်မှာ ဧက ၂၀ ရှိတဲ့အတွက် ရိုက်ကူးရေးအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသွားမှာပါ။ လက်ရှိမှာတော့ Indoor Setting ကို အကောင်အထည်ဖော်နေပါပြီ" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်မင်း(ဟံသာမြေ)က ပြောသည်။

ရုပ်ရှင်ရိုက်ကူးရာတွင် အဓိကအားဖြင့် ခွဲစိတ်ခန်းနှင့် ဆေးရုံဇာတ်ဝင်ခန်းများ ရိုက်ကူးရာ၌ အခက်အခဲရှိလာသောကြောင့် ထုတ်လုပ်သူနှင့် ဒါရိုက်တာများ တောင်းဆိုမှုအရ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စာသင်ဆောင်၊ ရုံးခန်းနှင့် အခြားသော Setting များအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Indoor Setting များကို ငှားရမ်းရာ၌ ပြင်ပတွင်ရှိသော ရုပ်ရှင်စတူဒီယိုတို့ထက် သက်သာသောနှုန်းထားဖြင့် ရုပ်ရှင်လောကသားများကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးခြင်းဖြစ်ပြီး ရုပ်ရှင်ရိုက်ကူးရာတွင် လျှပ်စစ်မီးအဆင်ပြေစေရန် မီးစက်ကိုလည်း အသင့်ထားရှိကြောင်း သိရသည်။

ရုပ်ရှင်ရိုက်ကူးရာတွင် ပြင်ပစတူဒီယိုများဖြစ်သော ရုပ်ရှင်မြှင့်တင်ရေးစတူဒီယို၊ ကိုနေတိုးစတူဒီယို၊ ကိုဝေဠုကျော်စတူဒီယို၊ ကိုမြင့်နိုင်(မျက်ခြယ်) စတူဒီယို၊ ကြောင်ကမ္ဘာ စတူဒီယိုတို့တွင် Indoor နှင့် Outdoor Setting များ ရိုက်ကူးကြလျက်ရှိကာ သွားလာရေးလွယ်ကူ၍ လွတ်လပ်စွာဖြင့် ရွှေ့ပြောင်းရိုက်ကူးနိုင်သော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမအတွင်း၌ ရုပ်ရှင်လောကသားများ ရိုက်ကူးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် Indoor Setting Room များကို တပ်ဆင်တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - သစ္စာ(MNA)**
**ဓာတ်ပုံ - ဥသာ**

# ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား အများပြည်သူသိရှိစေရန် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ရှောင်ရှားခြင်း၊ အခွန်လျှော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များ လွဲမှားစွာဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများ ပါဝင်သော အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက် (Public Ruling) (၃/၂၀၂၂)ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်၍ နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သည့် https: //www.ird.gov.mm တွင် လည်းကောင်း ထည့်သွင်းအသိပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်(Public Ruling)များအရ အခွန်ရှောင်ရှားခြင်း၊ ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် အခွန်လျှော့နည်းပေးဆောင်ခြင်း၊ မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်များနှင့် အခွန်ရှောင်တိမ်းခြင်း စသည်တို့ကို ဖောက်ဖျက်ကျူးလွန်ပါက အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေဖြင့် အရေးယူခံရမည့်အပြင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရလည်း ထပ်မံတရားစွဲဆိုခံရနိုင်ကြောင်း အများပြည်သူသို့ အသိပညာပေးသည့် ရှင်းလင်းဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)တို့တွင် ပြုလုပ်ခဲ့ရာ အခွန်ထမ်းပြည်သူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၅၉၅၇ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၅၈)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁။ MMS IEC 61851-1:2017 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ် - အပိုင်း ၁- အထွေထွေလိုအပ်ချက်များ

၂။ MMS IEC 61851-21-1:2017 လျှပ်စစ်သုံးယာဉ် လျှပ်ကူးအားသွင်းစနစ် - အပိုင်း ၂၁-၁- အေစီ/ဒီစီ ပို့ပေးရန် လျှပ်ကူးချိတ်ဆက်မှုအတွက် လျှပ်စစ်သုံးယာဉ်ပေါ်ရှိ အားသွင်းကိရိယာ၏ လျှပ်စစ်သံလိုက်လှိုင်း တွဲဖက်အသုံးပြုနိုင်မှု(အီးအမ်စီ)လိုအပ်ချက်

၃။ MMS IEC 61851-21-2:2018 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ်-အပိုင်း ၂၁-၂- အေစီ/ဒီစီ ပို့ပေးရန် လျှပ်ကူးချိတ်ဆက်မှုအတွက် လျှပ်စစ်သုံးယာဉ်လိုအပ်ချက်များ- ပြင်ပရှိ လျှပ်စစ်သုံးယာဉ် အားသွင်းစနစ်အတွက် လျှပ်စစ်သံလိုက်လှိုင်း တွဲဖက်အသုံးပြုနိုင်မှု (အီးအမ်စီ) လိုအပ်ချက်

၄။ MMS IEC 61851-23:2014 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ် - အပိုင်း ၂၃- ဒီစီ လျှပ်စစ်ယာဉ်ဓာတ်အားသွင်းရုံ

၅။ MMS IEC 61851-24:2014 လျှပ်စစ်ယာဉ် လျှပ်ကူးအားသွင်းစနစ် - အပိုင်း ၂၄- ဒီစီ အားသွင်းခြင်းအား ထိန်းချုပ်ရန်အတွက် လျှပ်စစ်သုံးယာဉ်နှင့် ဒီစီလျှပ်စစ်သုံးယာဉ် ဓာတ်အားသွင်းရုံတို့အကြားရှိ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးလိုင်း

၆။ MMS IEC 61851-25:2020 လျှပ်စစ်သုံးယာဉ် လျှပ်ကူးအားသွင်းစနစ် - အပိုင်း ၂၅- လျှပ်စစ်ပိုင်းခြားမှုအပေါ်မူတည်သည့် အကာအကွယ်ပြုသော ဒီစီလျှပ်စစ်သုံးယာဉ် လျှပ်စစ်ပေးပို့ကိရိယာ

၇။ MMS IEC 62196-3:2014 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့် ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ - အပိုင်း ၆- ဒီစီငုတ်၊ အေစီ/ဒီစီ ငုတ်နှင့် လျှပ်စီးကြောင်းကိုပံ့ပိုးသည့် ယာဉ်ချိတ်ဆက်ကိရိယာများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာလိုအပ်ချက်များ

၈။ MMS IEC 62196-6:2022 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့် ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ - အပိုင်း ၆- လျှပ်စစ်ပိုင်းခြားမှုကို မူတည်သည့် အကာအကွယ်ပြုသော ဒီစီလျှပ်စစ်သုံးယာဉ် ထောက်ပံ့ပေးသောကိရိယာအတွက် အသုံးပြုရန် ရည်ရွယ်ထားသော ဒီစီငုတ်နှင့် လျှပ်စီးကြောင်းကိုပံ့ပိုးသည့် ယာဉ်ချိတ်ဆက်ကိရိယာများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာလိုအပ်ချက်များ

၉။ MMS IEC 62660-1:2018 လျှပ်စစ်ယာဉ်များကို မောင်းနှင်မှုအတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်-အိုင်းယွန်းဆဲလ်များ - အပိုင်း ၁ - စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၁၀။ MMS IEC 62660-2:2018 လျှပ်စစ်သုံးယာဉ်များကို တွန်းကန်ရန်အတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်-အိုင်းယွန်းဆဲလ်များ - အပိုင်း ၂ - ယုံကြည်စိတ်ချရမှုနှင့် ပြင်းထန်သောနည်းလမ်းများဖြင့် စမ်းသပ်ခြင်း။

၁၁။ MMS IEC 62660-3:2022 လျှပ်စစ်သုံးယာဉ်များကို မောင်းနှင်မှုအတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်-အိုင်းယွန်းဆဲလ်များ - အပိုင်း ၃- ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ

၁၂။ MMS IEC TS 62840-1:2016 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ် - အပိုင်း ၁- အထွေထွေနှင့် လမ်းညွှန်ချက်

၁၃။ MMS IEC 62840-2:2016 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ် - အပိုင်း ၂- ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်များ

၁၄။ MMS IEC PAS 62840-3: 2021 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ် - အပိုင်း ၃- ဖြုတ်တပ်နိုင်ပြီး အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ်/ဘက်ထရီစနစ်များဖြင့် ဘက်ထရီဖြုတ်၊ တပ်၊ လဲလှယ်ခြင်းအတွက် သီးခြားဖြစ်သော အန္တရာယ်ကင်းရှင်းခြင်းနှင့် အပြန်အလှန် ဖလှယ်သုံးစွဲနိုင်သည့် စွမ်းရည်လိုအပ်ချက်များ

၁၅။ MMS IEC TS 63066:2017 ဖြုတ်တပ်နိုင်သော စွမ်းအင်သိုလှောင်မှုယူနစ်များအတွက် ဗို့အားနိမ့် ချိတ်ဆက်ပစ္စည်းများ

၁၆။ MMS CXS 206:1999 နို့နှင့်နို့ထွက်ပစ္စည်းဆိုင်ရာ ဝေါဟာရအသုံးပြုမှု ယေဘုယျ စံချိန်စံညွှန်း

၁၇။ MMS ISO 10015:2019 အရည်အသွေးစီမံခန့်ခွဲမှု - စွမ်းဆောင်ရည်စီမံခန့်ခွဲရေးနှင့် ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်များ

၁၈။ MMS ISO 10018:2020 အရည်အသွေးစီမံခန့်ခွဲမှု - ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး လမ်းညွှန်မှု

၁၉။ MMS ISO 22716:2007 အလှကုန်ပစ္စည်းဆိုင်ရာကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)- ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်လမ်းညွှန်ချက်များ

၂၀။ MMS WHO TRS 908 :2003 ကောင်းမွန်သောဆေးဝါးသိုလှောင်မှုကျင့်စဉ်

၂၁။ MMS ASEAN Stan 28: 2012 ဖူးစားပြောင်း(ပြောင်းချို)စံချိန်စံညွှန်း

၂၂။ MMS ASEAN Stan 38: 2014 ကန်စွန်းဥစံချိန်စံညွှန်း

၂၃။ MMS ISO 7886-1: 2017 ပိုးသန့်စင်ထားသောတစ်ခါသုံးဆေးထိုးအပ်စံချိန်စံညွှန်း

၂၄။ MMS ASTM D6/D6-95(2018) ဆီနှင့် ကတ္တရာဆိုင်ရာဒြပ်ပေါင်းများ၏ အပူပေးခြင်းကြောင့် ဒြပ်ထုလျော့နည်းမှုအတွက် စံ စမ်းသပ်နည်းလမ်း

၂၅။ MMS ASTM D946/D946M-20 လမ်းလွှာတည်ဆောက်ရာတွင် အသုံးပြုသည့် ကတ္တရာ အပ်နစ်ဝင်မှုအဆင့် (Penetration-Graded) စံသတ်မှတ်ချက်

၂၆။ MMS ISO 7-1:1994 ဝက်အူရစ်များပေါ်တွင် Pressure-tight joint ပါသည့် ပိုက်ဝက်အူရစ်များ- အပိုင်း ၁ - အတိုင်းအတာများ၊ လက်ခံနိုင်သောကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ

၂၇။ MMS ISO 7-1:1994/Cor 1:2007 ဝက်အူရစ်များပေါ်တွင် Pressure-tight joint ပါသည့် ပိုက်ဝက်အူရစ်များ- အပိုင်း ၁ - အတိုင်းအတာများ၊ လက်ခံနိုင်သော ကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ - နည်းပညာဆိုင်ရာ ပြင်ဆင်ချက်(၁)

၂၈။ MMS ISO 7-2:2000 ဝက်အူရစ်များပေါ်တွင် Pressure-tight joint ပါသည့် ပိုက်ဝက်အူရစ်များ အပိုင်း ၂ - စံအတိုင်းအတာစစ်ဆေးသည့် ကိရိယာများဖြင့် စိစစ်အတည်ပြုခြင်း

၂၉။ MMS ISO 68-1:1998/Amd 1:2020 ISO အထွေထွေသုံးဝက်အူရစ်များ - အခြေခံသဏ္ဍာန် အပိုင်း ၁ - မက်ထရစ်စနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ ပြင်ဆင်ဖြည့်စွက်ချက်(၁)

၃၀။ MMS ISO 68-2:1998 ISO အထွေထွေသုံးဝက်အူရစ်များ - အခြေခံသဏ္ဍာန် အပိုင်း ၂ - လက်မစနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ

၃၁။ MMS ISO 68-2:1998/Amd 1:2020 ISO အထွေထွေသုံးဝက်အူရစ်များ - အခြေခံသဏ္ဍာန် အပိုင်း ၂ - လက်မစနစ်ဖြင့်တိုင်းတာသော ဝက်အူရစ်များ ပြင်ဆင်ဖြည့်စွက်ချက် ၁

၃၂။ MMS ISO 228-1:2000 ဝက်အူရစ်များပေါ်တွင် Pressure-tight joint မပါဝင်သည့် ပိုက်ဝက်အူရစ်များ အပိုင်း၁-အတိုင်းအတာများ၊ ကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ

၃၃။ MMS ISO 228-2:1987 ဝက်အူရစ်များပေါ်တွင် Pressure-tight joint မပါဝင်သည့် ပိုက်ဝက်အူရစ်များ အပိုင်း ၂ - စံအတိုင်းအတာစစ်ဆေးသည့် ကိရိယာများဖြင့် စိစစ်အတည်ပြုခြင်း

၃၄။ MMS ISO 263:1973 ISO လက်မစနစ်ဖြင့်တိုင်းတာသောဝက်အူရစ်များ- ဝက်အူရစ်များ၊ မူလီများနှင့် နပ်များအတွက် ယေဘုယျအစီအစဉ်များနှင့် ရွေးချယ်မှုများ - အချင်း ၀.၀၆ မှ ၆ လက်မအထိ

၃၅။ MMS ISO 725:2009 ISO လက်မစနစ်ဖြင့်တိုင်းတာသောဝက်အူရစ်များ- အခြေခံအတိုင်းအတာများ

၃၆။ MMS ISO 965-1:2013 ISO အထွေထွေသုံးမက်ထရစ်စနစ်ဖြင့် တိုင်းတာသော ဝက်အူရစ်များ- လက်ခံနိုင်သောကွဲလွဲမှု-အပိုင်း ၁: နည်းဥပဒေသများနှင့် အခြေခံအချက်အလက်များ

၃၇။ MMS ISO 1478:1999 Tapping ဝက်အူရစ်များ

၃၈။ MMS ISO 1501:2009 ISO အသေးစားဝက်အူရစ်များ

၃၉။ MMS ISO 1501:2009/ Amd 1:2020 ISO အသေးစားဝက်အူရစ်များ ပြင်ဆင်ဖြည့်စွက်ချက် ၁- အပြင်ဝက်အူရစ်၏ လက်ခံနိုင်သော ကွဲလွဲမှုအပိုင်းအခြားအတွက်ပုံစံ

၄၀။ MMS ISO 2901:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံ ဝက်အူရစ်များ- အခြေခံနှင့် ဒီဇိုင်းပုံစံများ

၄၁။ MMS ISO 2902:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံ ဝက်အူရစ်များ- ယေဘုယျအစီအစဉ်များ

၄၂။ MMS ISO 2903:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံ ဝက်အူရစ်များ- လက်ခံနိုင်သောကွဲလွဲမှုများ

၄၃။ MMS ISO 2904:2020 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံ ဝက်အူရစ်များ- အခြေခံအတိုင်းအတာများ

၄၄။ MMS ISO 5864:1993 ISO လက်မစနစ်ဖြင့်တိုင်းတာသောဝက်အူရစ်များ- ခွင့်ပြုနိုင်မှုနှင့် လက်ခံနိုင်သောကွဲလွဲမှုများ

၄၅။ MMS ISO 16239:2013 ဝက်အူရစ်များတိုင်းတာခြင်းအတွက် metric series wires

၄၆။ MMS ISO 9328-1:2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ- နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ - အပိုင်း ၁ - အထွေထွေလိုအပ်ချက်များ

၄၇။ MMS ISO 9328-2:2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ- နည်းပညာပိုင်းဆိုင်ရာပေးပို့မှုအခြေအနေများ-အပိုင်း ၂- သတ်မှတ်ထားသည့် မြင့်မားသော အပူချိန်အလိုက် အလွိုင်းမဟုတ်သော စတီးနှင့် အလွိုင်းစတီးတို့၏ ဂုဏ်သတ္တိများ

၄၈။ MMS ISO 9329-1:1989 ဖိအားဆိုင်ရာ အသုံးပြုမှုများအတွက် ဆက်ကြောင်းမပါသော စတီးကျွတ်များ- နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ- အပိုင်း ၁- သတ်မှတ်ထားသည့် အခန်းအပူချိန်အလိုက် အလွိုင်းမဟုတ်သောစတီးတို့၏ ဂုဏ်သတ္တိများ

၄၉။ MMS ISO 9329-2:1997 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် ဆက်ကြောင်းမပါသော စတီးကျွတ်များ- နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ- အပိုင်း ၂- သတ်မှတ်ထားသည့် မြင့်မားသော အပူချိန်အလိုက် အလွိုင်းမဟုတ်သောစတီးနှင့် အလွိုင်းစတီးတို့၏ ဂုဏ်သတ္တိများ

၅၀။ MMS JIS G 3192:2014 အပူပေးအပြားကြိတ် ဖြတ်ပိုင်းပုံ သံမဏိအပိုင်းများ၏ အတိုင်းအတာ၊ ဒြပ်ထုနှင့် ခွင့်ပြုနိုင်သော ပြောင်းလဲချက်များ

၅၁။ MMS JIS G 3193 : 2019 အပူပေးအပြားကြိတ် သံမဏိချပ်အထူများ၊ အပြားချပ်များနှင့် အပြားလိပ်များ၏ အတိုင်းအတာ၊ ပုံသဏ္ဍာန်၊ ဒြပ်ထုနှင့် ခွင့်ပြုနိုင်သော ပြောင်းလဲချက်များ

၅၂။ MMS JIS G 3302 : 2019 သွပ်ရည်ပူစိမ် သွပ်အလွှာအုပ် သံမဏိအပြားချပ်နှင့် အပြားလိပ်များ

၅၃။ MMS JIS G 3312 : 2012 သွပ်ရည်ပူစိမ်သွပ်အလွှာအုပ်၍ ကြိုတင်ခံဆေးသုတ်ထားသော သံမဏိအပြားချပ်နှင့် အပြားလိပ်များ

၅၄။ MMS JIS G 3321 : 2019 သွပ်ရည်ပူ (၅၅% ဒန် - သွပ် သတ္တုစပ်)အလွှာအုပ်ထားသော သံမဏိအပြားချပ်နှင့် အပြားလိပ်များ

၅၅။ MMS JIS G 3322 : 2005 သွပ်ရည်ပူ ( ၅၅% ဒန် -သွပ် သတ္တုစပ်)အလွှာအုပ်၍ ကြိုတင်ခံဆေးသုတ်ထားသော သံမဏိအပြားချပ်နှင့် အပြားလိပ်များ

၅၆။ MMS JIS G 3505:2017 ကာဗွန်နည်း သံမဏိနန်းဆွဲချောင်းရှည်များ

၅၇။ MMS JIS G 3466:2015 အထွေထွေတည်ဆောက်မှုသုံး စတုရန်းနှင့် ထောင့်မှန်စတုဂံပုံ အခေါင်းပေါက်ပါ ကာဗွန်သံမဏိပိုက်များ

၅၈။ MMS 33:2022 မြန်မာအော်ဂဲနစ်စံချိန်စံညွှန်း

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၀၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၂၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၇၁,၄၆၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၄၁)ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၁၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၀)ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# CMP အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ဒုတိယဝန်ကြီး ကွင်းဆင်းအားပေး

ရန်ကုန် ဇန်နဝါရီ ၁၃



အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့်အတူ အထည်ချုပ်စက်ရုံများဖြစ်သည့် ရွှေလင်ပန်းစက်မှုဇုန်ရှိ China Morning Apparel Co.,Ltd.၊ Sen Ma Te Myanmar Apparel Co.,Ltd.၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ Kamcaine Manufacturing (Myanmar) Co.,Ltd. နှင့် ရွှေသံလွင်စက်မှုဇုန်ရှိ Saiform International Garment (Myanmar)များသို့ ကွင်းဆင်းအားပေး၍ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ပိုမိုအားကောင်းလာစေရေး လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ကို စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲက ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်များ၏ ဆောင်ရွက်နိုင်မှုများကို အသုံးချနိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်စေကြောင်း၊ နိုင်ငံ၏ GDP တိုးတက်စေရန် ပြည်တွင်း ကုန်ထုတ်လုပ်မှုမြင့်တင်ရန်နှင့် ပို့ကုန်အဆင့်မြှင့်တင်ရန်လိုကြောင်း လမ်းညွှန်မှာကြားချက်နှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် CMP လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

အထည်ချုပ်လုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အလမ်းအများဆုံး ဖန်တီးပေးနေသည့် လုပ်ငန်းများဖြစ်ရာ မိမိလုပ်ငန်းအပေါ် သစ္စာစောင့်သိရမည်ဖြစ်ပြီး အလုပ်ရှင်နှင့် အလုပ်သမားများ အပြန်အလှန် အကျိုးပြုနေကြောင်း ခံယူ၍ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်လိုကြောင်း၊ ကျွမ်းကျင် လုပ်သားများကို ကျွမ်းကျင်မှုအဆင့်နှင့် ကိုက်ညီသည့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ရေး ဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်လျက်ရှိသဖြင့် အထည်ချုပ်လုပ်သား အလုပ်အကိုင်အတွက် Assessment Center များကို လုပ်သားအင်အား များပြားသည့် စက်ရုံများတွင် တည်ထောင်ပေးပြီး လုပ်ငန်းခွင်မပျက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေး မိတ်ဖက်ဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆုရရှိသည့် စက်ရုံများကို အတုယူ၍ ကျင့်သုံးဆောင်ရွက်သွားရန်နှင့် လူမှုဖူလုံရေးအဖွဲ့မှ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် စက်ရုံများတွင် ဌာနကြီးဆေးခန်းများ ဖွင့်လှစ်ပေးလျက်ရှိသဖြင့် အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များရရှိရေး ချိတ်ဆက်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း စာရင်းများကောက်ယူနေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရွှေပြည်သာ ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် အိမ်ထောင်စုလူဦးရေစာရင်း ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်းစာရင်းများ ဆက်လက်ကောက်ယူလျက်ရှိရာ ရွှေပြည်သာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူနေမှုအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြီးကြပ်မှုကော်မတီဝင်များ၊ သက်ဆိုင်ရာ မြေပြင်စာရင်းကောက်အဖွဲ့များတွင် ပါဝင်သော ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ စာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ မြေပြင်စာရင်းကောက်ယူမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စာရင်းကောက်များ တွေ့ကြုံရမည့် အခက်အခဲများနှင့် စာရင်းကောက်နည်းလမ်းများ မှန်ကန်စေရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မြင့်ဦး**



# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး စံချိန်တင်မြင့်တက်

**ပေကျင်း ဇန်နဝါရီ ၁၃**

တရုတ်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့သည်။

အကောက်ခွန်အာဏာပိုင်များက တရုတ်နိုင်ငံ၏ ပို့ကုန်နှင့်သွင်းကုန် စုစုပေါင်းတန်ဖိုးသည် ယခင်နှစ်ကထက် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးလာပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ထရီလီယံအထိ ရှိလာသည်ဟု ဆိုသည်။

**သိသိသာသာမြင့်တက်**

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ဖက်နိုင်ငံများအနက် ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။ နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉၀ ဘီလီယံ (၃၀ ရာခိုင်နှုန်းနီးပါး) အထိ မြင့်တက်လာခဲ့သည်။

အနောက်နိုင်ငံများက ရုရှား-ယူကရိန်းအရေးအတွက် စီးပွားရေးပိတ်ဆို့မှုများကို တင်းကျပ်ထားစဉ် တရုတ်နှင့်ရုရှားနှစ်နိုင်ငံသည် စွမ်းအင်နှင့် အခြားနယ်ပယ်များတွင် ကုန်သွယ်မှုကို မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ရုရှားနိုင်ငံသို့ စုစုပေါင်းတင်ပို့မှုပမာဏသည် ခုနစ်ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ အမေရိကန်နှင့် ဥရောပသို့ တင်ပို့မှုသည် ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် မြင့်တက်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့မှုပမာဏသည်လည်း ပိုမိုမြင့်တက်လာကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ၂၀၂၂ ခုနှစ်သည် ပဉ္စမမြောက် အပူဆုံးနှစ်ဟု အမေရိကန်အာကာသအေဂျင်စီ နာဆာ ပြော

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန် အာကာသအေဂျင်စီ နာဆာ (NASA) က ၂၀၂၂ ခုနှစ်သည် ၁၈၈၀ ပြည့်နှစ်တွင် စတင်ပြုလုပ်ခဲ့သည့် စစ်တမ်းများအရ ပဉ္စမမြောက် အပူဆုံးနှစ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နာဆာမှ သိပ္ပံပညာရှင်များသည် ယမန်နှစ်က ကမ္ဘာမြေ၏ ပျမ်းမျှမျက်နှာပြင်အပူချိန်သည် စက်မှုခေတ်မတိုင်မီအဆင့်ထက် ၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ပိုသည်ဟု ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ ကမ္ဘာမြေ၏ ပျမ်းမျှမျက်နှာပြင် အပူချိန်သည် ရှစ်နှစ်ဆက်တိုက် တစ်ဒီဂရီအမှတ်ကို ကျော်လွန်ခဲ့ကြောင်း ၎င်းတို့က ဆိုသည်။

၂၀၂၂ ခုနှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။



သို့သော် တောင်အမေရိကကမ်းလွန် ပင်လယ်ပြင်၏ လာနီညာအအေးလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်သည် သုည ဒသမ ဝ၆ ဒီဂရီခန့် လျော့ကျသွားနိုင်ကြောင်း နာဆာမှ သိပ္ပံပညာရှင်များက ခန့်မှန်းပြောကြားသည်။

အပူချိန်များ မြင့်တက်လာခြင်းသည် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကို ပိုမိုဖြစ်ပွားစေနိုင်သည်ဟု အဆိုပါသိပ္ပံပညာရှင်များက ဆိုသည်။

ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုးများ ရွာသွန်းသည့်အတွက် ရေကြီးရေလျှံမှုများဖြစ်နေစဉ် အမေရိကန်နိုင်ငံ၌ မိုးခေါင်ရေရှားမှုပြဿနာများနှင့်ရင်ဆိုင်နေရကြောင်း သိပ္ပံပညာရှင်များက ကိုးကားဖော်ပြသည်။

နာဆာ၏ Goddard Institute for Space Studies ၏ ဒါရိုက်တာ Gavin Schmidt က လာနီညာအအေးလှိုင်းသည် မကြာမီအချိန်တွင် ပျောက်ကွယ်သွားဖွယ်ရှိပြီး ယခုနှစ်သည် ၂၀၂၂ ခုနှစ်ထက်ပင် ပိုမိုပူနွေးလာဖွယ်ရှိကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံ ကွမ်ရှီးကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား ကုန်သွယ်မှုမြှင့်တင်မည်

**ဟန္တိုင်း ဇန်နဝါရီ ၁၃**

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာမူဝါဒများကို ဖြေလျှော့ပေးခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံနှင့်တရုတ်နိုင်ငံကွမ်ရှီးကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆန္ဒရှိကြောင်း ဗီယက်နမ်နိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ ထရင်သီဘီငုက ပြောကြားသည်။

ကွမ်ရှီးကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တရုတ်နှင့် ဗီယက်နမ်အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး ပေါင်းကူးတံတားအဖြစ် နှစ်ပေါင်းများစွာရပ်တည်ခဲ့ကြောင်း ဗီယက်နမ်စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူ To Ngoc Son ကပြောကြားသည်။ ကွမ်ရှီးကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် လုပ်ငန်း ၁၈၁ခုရှိပြီး ကွမ်ရှီးကျန်းဒေသတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ဗီယက်နမ်နိုင်ငံမှ လုပ်ငန်း ၅၇ ခုရှိကြောင်း အွန်လိုင်းသတင်းစာ VietnamPlus ကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ထိုင်းနိုင်ငံ၏ စီးပွားရေးကို ခရီးသွားလုပ်ငန်းဖြင့်မြှင့်တင်ရန် အစီအမံချမှတ်

**ဗန်ကောက် ဇန်နဝါရီ ၁၃**

ထိုင်းနိုင်ငံ၏ စီးပွားရေးကို ခရီးသွားလုပ်ငန်းဖြင့် မြှင့်တင်ရန် အစီအမံတစ်ရပ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အံ့သြဖွယ်ရာ ကဏ္ဍသစ်များဟု အမည်ရသည့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အစီအစဉ်သစ်ဖြင့် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း အပြည့်အဝ ပြန်လည်လည်ပတ်စေရန် စီမံဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါအစီအစဉ်အရ ခရီးသွားလုပ်ငန်းမှ အမြတ်ငွေ ထိုင်းဘတ် ၂ ဒသမ ၃၈ ထရီလီယံ ရရှိနိုင်ရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အကြီးအကဲ ယူသာဆက်ဆူပါဆွန်က ပြောကြားသည်။ ထိုင်းနိုင်ငံသို့ ယမန်နှစ်အတွင်း ပြည်ပခရီးသည် ၁၁ ဒသမ ၈ သန်း လာရောက်ခဲ့သောကြောင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင်ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အနေဖြင့် နိုင်ငံအတွင်း ပြေးဆွဲနေသည့် လေယာဉ်များ၌ လေယာဉ်စီးခရီးသည်များ ပိုမိုတင်ဆောင်ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံအကြား လေယာဉ်ခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူ တိန်းပက်ဆူဝမ်က ပြောကြားသည်။ ကုန်းလမ်းခရီးအနေဖြင့်လည်း တရုတ်-လာအို မီးရထားလမ်းသည် တရုတ်နိုင်ငံတောင်ပိုင်းနှင့် ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းကို ဆက်သွယ်မှုတိုးမြှင့်ပေးလျက်ရှိကြောင်းသိရသည်။




ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံတကာခရီးသည် ၂၅ သန်းခန့် ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း ထိုင်းနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွား

**မနီလာ ဇန်နဝါရီ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိရာ လက်ရှိအချိန်အထိ ၁၇ ဦး သေဆုံးပြီး လူဦးရေ ငါးသိန်းကျော်ခန့်ထိခိုက်ခံစားနေရကြောင်း ဖိလစ်ပိုင်အစိုးရ သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း လေဖိအားနည်းရပ်ဝန်းများဖြစ်ပေါ်ခဲ့ရာဒေသများ၌ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အကျိုးဆက်များကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကောင်စီ၏မှတ်တမ်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းနှင့်အလယ်ပိုင်းရှိ ဒေသ ၁၃ ခု၌ ခရစ္စမတ်ကာလမှစတင်၍ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာလက်ရှိ အချိန်အထိ အဆိုပါဒေသများမှ ဒေသခံခုနစ်သောင်းခန့်မှာ ခိုလှုံရေးစင်တာများ၌ ခိုလှုံနေရကြောင်း သိရသည်။ နိုင်ငံတောင်ပိုင်းမန်ဒါနာအိုပြည်နယ်ရှိ ဒေသတစ်ခုနှင့် နိုင်ငံအလယ်ပိုင်းရှိ ဒေသလေးခုအား သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုရှိသည့် ဒေသများအဖြစ် သတ်မှတ်ခဲ့သည်။

လက်ရှိအချိန်တွင် ဆူရီဂိုဒယ်ဆာပြည်နယ်အရှေ့ပိုင်း၌ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာနိုင်သဖြင့် နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများအား အကြမ်းဖက်အဖွဲ့အစည်းများမှ နှောင့်ယှက်ဖျက်ဆီးမှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ လူဦးရေစာရင်းများမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဇန်နဝါရီ ၉ ရက်မှ စတင်ကောက်ယူလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်အထိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် အကြမ်းဖက်အဖွဲ့အစည်းများမှ နှောင့်ယှက်ဖျက်ဆီးမှု (၇)ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ၎င်းတို့မှာ–

| စဉ် | ရက်စွဲ | နေရာ | ဖြစ်စဉ်အကျဉ်း | ထိခိုက်ဆုံးရှုံးမှု |
|---|---|---|---|---|
| ၁ | ၉-၁-၂၀၂၃ | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၉-၁-၂၀၂၃ ရက်နေ့ (၁၁:၂၀)အချိန်တွင် လောင်းလုံးမြို့နယ်၊ ကမြောကင်းကျေးရွာအုပ်စု၊ ကမြောကင်း အခြေခံပညာမူလတန်းကျောင်းအနီး မောင်းမကန်ရဲတပ်ဖွဲ့၏ လုံခြုံရေးဖြင့် စာရင်းကောက်ယူနေစဉ် အကြမ်းဖက် လေးဦးခန့်မှ Vigo အနက်ရောင်ကားဖြင့်လာရောက်၍ သေနတ်ဖြင့် ပစ်ခတ်ခဲ့ပါသည်။ | ဒုရဲအုပ် သိန်းထိုက်(ကျဆုံး)၊ M-22 (၁)လက်၊ ကျည်(၅၀)၊ ကျည်အိမ် (၂)ခု ဆုံးရှုံးခဲ့ပါသည်။ |
| ၂ | ၉-၁-၂၀၂၃ | ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၉-၁-၂၀၂၃ ရက်နေ့ (၂၀:၁၅)အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း ၂၀ ဦးခန့်မှ ဆားလင်းကြီးမြို့နယ်ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ | (၆၀x၃၀x၂၀) အုတ်ညှပ်၊ သွပ်မိုး၊ မြို့နယ်လဝကရုံး(၁)ရုံး မှတ်တမ်းစာရွက်စာတမ်းများ၊ ရုံးသုံးပရိဘောဂများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပါသည်။ |
| ၃ | ၁၁-၁-၂၀၂၃ | မိဂလုံကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ် | ၁၁-၁-၂၀၂၃ ရက်နေ့တွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့များက လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်နေစဉ် KNU/PDF အင်အား ၄၀ ခန့်မှ မော်တော်ယာဉ် (၃)စီးဖြင့် ရောက်ရှိလာပြီး စာရင်းကောက်ယူရေးအဖွဲ့ထံမှ စာရွက်စာတမ်းများနှင့် အိမ်ထောင်စုပုံစံများအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ | e-ID အိမ်ထောင်စုပုံစံ (၅၂၄)စောင်၊ အိမ်ထောင်စုပုံစံ (၆၀)စောင်နှင့် မသန်စွမ်းပုံစံ(၅၀)စောင် ပျက်စီးဆုံးရှုံးခဲ့ပါသည်။ |
| ၄ | ၁၂-၁-၂၀၂၃ | ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၁၂-၁-၂၀၂၃ ရက်နေ့ (၀၁:၂၀) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း ၂၀ ဦးခန့်မှ ရေစကြိုမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ | (၆၀x၃၀x၂၀)ပျဉ်ကာ၊ အုတ်ခင်း၊ အုတ်ကြွပ်မိုး၊ တစ်ထပ်ရုံးအဆောက်အအုံ (၁)လုံးနှင့် ရုံးသုံးစာရွက်စာတမ်းများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပါသည်။ |
| ၅ | ၁၂-၁-၂၀၂၃ | ကုလားကျောက်ဖျာကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ် | ၁၁-၁-၂၀၂၃ ရက်နေ့ (၁၈:၀၀) အချိန်တွင် KNU/PDF ပူးပေါင်းအဖွဲ့ အင်အား (၇)ဦးမှ လက်နက်များကိုင်ဆောင်၍ စာရင်းကောက်မည့် e-ID အိမ်ထောင်စုပုံစံ (၅၆၂) စောင်၊ အိမ်ထောင်စုပုံစံ(၁၀၀) စောင်နှင့် မသန်စွမ်းပုံစံ(၂၀)စောင် တို့အား ယူဆောင်သွားခဲ့ပါသည်။ | e-ID အိမ်ထောင်စုပုံစံ (၅၆၂)စောင်၊ အိမ်ထောင်စုပုံစံ(၁၀၀) စောင်နှင့် မသန်စွမ်းပုံစံ(၂၀) စောင် ပျက်စီးဆုံးရှုံးခဲ့ပါသည်။ |
| ၆ | ၁၂-၁-၂၀၂၃ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၁၂-၁-၂၀၂၃ ရက်နေ့ (၁၃:၅၀) အချိန်တွင် ဆိုင်ကယ်စီးနင်းလာသော အကြမ်းဖက်သမား (၂)ဦးမှ လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ပေါက်ခဲ့ရာ ဓမ္မာရုံဆင်ဝင်အောက်တွင် ကျရောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါသည်။ | ထိခိုက်ဆုံးရှုံးမှုမရှိပါ။ |
| ၇ | ၁၃-၁-၂၀၂၃ | ဈေးဟောင်းရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ် | ဟားခါးမြို့၊ ဈေးဟောင်းရပ်ကွက်တွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူလျက်ရှိသော အဖွဲ့အား ၁၃-၁-၂၀၂၃ ရက်နေ့၊ (၀၉:၅၅)အချိန်ခန့်တွင် အကြမ်းဖက်အဖွဲ့မှ Sniper ဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပါသည်။ | ရဲဒုတိယတပ်ကြပ် ဇင်မင်းသူ ထိမှန်ကျဆုံးခဲ့ပါသည်။ |


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာနယ် ထွက်ရှိ



၁၅-၁-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၂) တွင်
- တပို့တွဲလနှင့် မြန်မာ့ဓလေ့ရိုးရာ ထမနဲပွဲအစဉ်အလာ
- စားသုံးဆီဖူလုံရေး နေကြာစိုက်ပျိုးပေး
- ပဲစင်းငုံ ပန်းတိုင်အထွက်နှုန်းရရှိရေး
- ဈေးကွက်ဝယ်လိုအားရှိနေသော ကြံစိုက်ပျိုးထုတ်လုပ်မှု
- ၄က်ပျောစိုက်ပျိုးဖြစ်ထွန်း၍ တောင်သူများ စီးပွားဖြစ်
- အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) ရှင်သန်တိုးတက်ရေး
- ဒေသကြက်များတွင် အများဆုံးတွေ့ရသော လည်လိမ်ရောဂါ
- ပိန်းဥ၏ ကျန်းမာရေးအတွက် အရေးပါပုံအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ မိုး/ဇလ

\- - - - - - - - -

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၃

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မိုး/ဇလ



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

သာယာဝတီ ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ ဦးဆောင်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(၁) သာယာဝတီ ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထက(၁) သာယာဝတီ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းအေးက အဖွင့်အမှာစကား ပြောကြားပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများအား သတိပြုဆင်ခြင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါအကြောင်းအရာများနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အထက(၁)သာယာဝတီ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းအေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း၃၈၀ ခန့် တက်ရောက်ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရီအေးဆာရနှင့် ချောက်ကွမ်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## နောင်ချိုနှင့် တာချီလိတ် မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျည်းရေကျေးရွာ ဒုဋ္ဌဝတီတံတား နောင်ချို-ရပ်စောက်သွားကားလမ်းတွင် ရပ်စောက်မြို့မှ နောင်ချိုမြို့သို့ ရီအေးဆာရမောင်းနှင်ပြီး ချောက်ကွမ်းလိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀၀ ကို လည်းကောင်း၊

ထိုနေ့ ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မယ်လိတ်ပါကော်-မနော်ကျေးရွာသွားလမ်းတွင် ယောန(ခ) ဇေါ်ယကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲ ဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘူတာရပ်ကွက်နေ ထွေးထွေးသည် ၎င်းအသုံးပြုသည့် "Htwe Htwe" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ Grand Royal အရက်ချက်စက်ရုံမီးလောင် အရက်ဆီဂါလန် ၅၀၀၀၀ ဆံ့ Tank သုံးလုံး၊ အရက်ဆီလီတာ ၂၀၀၀၀ ဆံ့ Tank ခြောက်လုံးနှင့် ဂိုဒေါင်သုံးလုံးတို့ မီးလောင်ကျွမ်း

နေပြည်တော် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ်ပွတ်ကျေးရွာ အမှတ်(၄)လမ်းမဘေးရှိ Grand Royal အရက်ချက်စက်ရုံတွင် ယနေ့ ညနေ ၃ နာရီခွဲက မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုအား Level အဆင့် ( ၃ )သတ်မှတ်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ယာဉ်အုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ Level 3 ယာဉ်အုပ်စု စုစုပေါင်း မီးသတ်ယာဉ် အစီး ၆၀၊ သန္နွေ မီးသတ်တပ်ဖွဲ့ဝင် ၄၅၀ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့ဖြင့် မီးလောင်ကျွမ်းသည့် အရက်ချက်စက်ရုံသို့ ရောက်ရှိမီးငြိမ်းသတ်လျက်ရှိသည်။

မီးလောင်ကျွမ်းမှုကြောင့် စက်ရုံရှိ RF 96% အရက်ဆီဂါလန် ၅၀၀၀၀ ဆံ့ Tank သုံးလုံး၊ RF 50 % အရက်ဆီလီတာ ၂၀၀၀၀ ဆံ့ Tank ခြောက်လုံးနှင့် ဂိုဒေါင်သုံးလုံးတို့ မီးလောင်ကျွမ်းလျက်ရှိပြီး မီးလောင်ကျွမ်းမှုအား မီးသတ်တပ်ဖွဲ့ဝင်များက စွမ်းစွမ်းတမံ မီးငြိမ်းသတ်ဆောင်ရွက်လျက်ရှိစဉ် ညနေ ၅ နာရီခွဲတွင် အဆိုပါစက်ရုံအတွင်းမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် မီးငြိမ်းသတ်နေသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့တွင် ဒဏ်ရာအချို့ရရှိခဲ့သောကြောင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

စက်ရုံမီးလောင်ကျွမ်းရသည့်အကြောင်းအရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးအား စိစစ်တွက်ချက်လျက်ရှိကာ မီးလောင်ကျွမ်းမှုအား အမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက်ကြိုးပမ်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၃၇ မိနစ်တွင် မီးထိန်းနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



## ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲနွယ်ကုန်းသွား ကားလမ်းပေါ်ရှိ သံပေါင်ဘေလီတံတားတစ်ခု PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb တစ်လုံး အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူသုံးဦး သေဆုံး၊ လေးဦး ထိခိုက်ဒဏ်ရာရရှိ



PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

နေပြည်တော် ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲနွယ်ကုန်းသွား ကားလမ်းပေါ်ရှိ သံပေါင်ဘေလီတံတားတစ်ခုအား PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၅ နာရီခန့်တွင် ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲနွယ်ကုန်းသွား ကားလမ်း နတ်သံကွင်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၂၀၀ ခန့်အကွာရှိ သံပေါင်ဘေလီတံတား တစ်ခုအား PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့ရာ တံတား၏ အရှေ့မြောက်ဘက် ပေ ၂၀ ခန့်အကွာတွင် ကျရောက်ပေါက်ကွဲခဲ့သဖြင့် တောင်ယာမှပြန်လာကြသည့် အပြစ်မဲ့ပြည်သူသုံးဦး သေဆုံးခဲ့ပြီး လေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ နတ်သံကွင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းကဲ့သို့ အပြစ်မဲ့ပြည်သူများအား သေဆုံးဒဏ်ရာရရှိအောင် Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❖



## ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

ဒိုက်ဦး ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနက အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (တတိယ)အကြိမ် ထိုးနှံပေးခြင်းကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းမှ စတင်ထိုးနှံပေးလျက်ရှိသည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံရာတွင် ခုတင်(၅၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမိုးအေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ ဆေးထိုးစုရပ်နေရာများဖြစ်သည့် အခြေခံပညာကျောင်းများတွင် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ဒိုက်ဦးမြို့နယ်အတွင်း ဖွင့်လှစ်လျက်ရှိသော အခြေခံကျောင်းပေါင်း ၁၇၇ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၁ ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၃၉၅ ဦးအား သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းများ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူ

မှော်ဘီ ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မြေပြင်တစ်အိမ်တက်ဆင်း လူဦးရေစာရင်း မှန်ကန်စွာရရှိရေးနှင့် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းများကို ဇန်နဝါရီ ၉ ရက်မှစတင်၍ တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူလျက်ရှိသည်။

မြေပြင်ကွင်းဆင်း လူဦးရေစာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ်အတွင်း ရပ်ကွက်အုပ်စုပေါင်း ၄၃ အုပ်စုရှိပြီး စာရင်းကောက်ယူရေးအဖွဲ့ ၁၉၅ ဖွဲ့က ကောက်ကွက်များအလိုက် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်စာရေးများ၊ ရာအိမ်မှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် အဖွဲ့များက လိုက်လံကောက်ယူလျက်ရှိသည်။



ယင်းသို့ ကောက်ခံဆောင်ရွက်လျက်ရှိရာသို့ မှော်ဘီခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့်အဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က စာရင်းကောက်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## စိုက်ပျိုးရေးသိပ္ပံ(သထုံ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**သထုံ ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံ(သထုံ)တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ထွေးက လူငယ်စကားဝိုင်း ပြုလုပ်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှငွေးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး စိုက်ပျိုးရေးသိပ္ပံမှ ကျောင်းသား ကျောင်းသူ ငါးဦးတို့က “လူငယ်နှင့် ပညာရေး”၊ “လူငယ်နှင့် ကိုယ်ကျင့်တရား”၊ “လူငယ်နှင့် လူမှုဆက်ဆံရေး”၊ “လူငယ်နှင့် စာပေ”၊ “လူငယ်နှင့် အားကစား” ခေါင်းစဉ်တို့ဖြင့် မျှဝေဆွေးနွေးကြရာ အစီအစဉ် တင်ဆက်သူက ပြန်လည်ဖြည့်စွက် ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ အစီအစဉ်တင်ဆက်သူနှင့် တက်ရောက်ဆွေးနွေးသူတို့က ပြန်လည်ရှင်းလင်းခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

### ❍ AFF Cup မှ

ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ထိုင်းအသင်း ချေပဂိုးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ပြီး ဗီယက်နမ်ဂိုးသမား ကာကွယ်နိုင်သဖြင့် ပထမပိုင်းတွင် ဂိုးမပေးခဲ့ရသော်လည်း ဒုတိယပိုင်းအစတွင် ဂိုးပြန်ပေးခဲ့ရသည်။ ထိုင်းအသင်းအတွက် ချေပဂိုးကို ၄၈ မိနစ်တွင် ပိုရာမတ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ချေပဂိုးရပြီးနောက် ထိုင်းအသင်း ကစားပုံပိုကောင်းလာပြီး ၆၃ မိနစ်တွင် ယိုရန်က ဗီယက်နမ်ခံစစ်အမှားကို အခွင့်ကောင်းယူကာ ဒုတိယဂိုးသွင်းယူခဲ့သည်။ ခံစစ်အားနည်းမှုကြောင့် ဗီယက်နမ်အသင်း ဂိုးများပေးလိုက်ရပြီး နောက်မှလိုက်ကစားခဲ့ရာ ချေပဂိုးကို ၈၇ မိနစ်တွင် ဗန်ထရန်ဗူက အဝေးကန်ချက်ဖြင့် ရယူခဲ့သည်။

ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၁၆ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - AFF**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၇၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၅ | ၂၇၇၅ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၂၈၅၅ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၃၇၅ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၇ | ၂၁၀၁ |
| 95 Ron | ၂၀၈၆ | ၂၁၆၂ |
| HSD (500 ppm) | ၂၂၉၆ | ၂၃၇၁ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၄၇ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မော်လမြိုင်ကျွန်းမြို့နယ်၌ နွေစပါးစိုက်ခင်းများ ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲ ကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များက ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နွေစပါးစိုက်ခင်းများ ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲအခမ်းအနားကျင်းပရာ စော်ကဲချောင်းကျေးရွာသို့ ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ဓာတ်မြေဩဇာကြဲပက်ပွဲအခမ်းအနားကို စော်ကဲချောင်းကျေးရွာနေ တောင်သူဦးကြည်ဌေးလေး၏ လယ်ယာမြေ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မော်လမြိုင်ကျွန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန် ကျေးရွာ လေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

ဆီဆိုင် ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာ လေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးလက်ရေရရှိရေးအတွက် ခိုရိုင်းကျေးရွာ၊ ပန်အောင်းကျေးရွာ၊ ထီဆုံ(ပေါ်)ကျေးရွာ၊ ထီဆုံ(အောက်)ကျေးရွာတို့တွင် နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ကျေးရွာလေးရွာတွင် နှစ်လက်မရေဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၂၀၀၀၀ ဆံ့ အုတ်ရေကန် တစ်ကန်၊ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန် တစ်ကန်၊ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန် တစ်ကန် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခိုရိုင်းကျေးရွာ၊ ပန်အောင်းကျေးရွာ၊ ထီဆုံ(ပေါ်)ကျေးရွာ၊ ထီဆုံ(အောက်)ကျေးရွာတို့တွင် အဆိုပါရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၃၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါ ကျေးရွာ လေးရွာရှိ အကျိုးပြု အိမ်ခြေ ၃၀၅ အိမ် လူဦးရေ ၁၅၆၃ ဦးအတွက် နွေရာသီရေရှားပါးမှုပြဿနာများ ပြေလည်၍ သန့်ရှင်းသောသောက်ရေသုံးရေများ ရာသီမရွေးရရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ လေ့လာစို့**

# ငပုတောမြို့၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေးအတွက် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်

ငပုတော ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်း ဒေသကြီး ငပုတောမြို့နယ်တွင် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် တရားမဝင် ဓာတ်အား သုံးစွဲမှုမရှိစေရေးတို့အတွက် ငပုတောမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပေါ်ရပ်ကွက်များတွင်



မီတာများ စစ်ဆေးခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် နီးစပ်သော သစ်ပင်သစ်ကိုင်းများအား စနစ်တကျ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ငပုတောမြို့ပေါ်ရှိ ၁၁ ကေဗွီ ၄၀၀ ဗို့ ထရန်စဖော်မာများ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုအခြေအနေအား စစ်ဆေးခဲ့သည်။ ထို့နောက် လိပ်ချောင်းကျေးရွာအုပ်စု ဒယ်ကုန်းကျေးရွာ ၌ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့၌ မြေပြင်လူဦးရေစာရင်း တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူလျက်ရှိ



ကျောင်းကုန်း ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့၌ မြေပြင်လူဦးရေစာရင်း တစ်အိမ်တက်ဆင်းကောက်ယူရေးလုပ်ငန်း တတိယနေ့အဖြစ် ယနေ့ နံနက် ၈ နာရီခန့်က လိုက်လံကောက်ယူလျက်ရှိသည်။

အဆိုပါ မြေပြင်လူဦးရေစာရင်း တစ်အိမ်တက်ဆင်း ကောက်ယူရေးလုပ်ငန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အဖွဲ့ဝင်(၃) မြို့နယ်လဝကဦးစီးမှူး ဦးမင်းသူအောင်တို့ဦးဆောင်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက အဖွဲ့ နှစ်ဖွဲ့ခွဲကာ လူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ ကျောင်းကုန်းမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာ ၆၅ အုပ်စုရှိပြီး စာရင်းကောက်ယူသည့်အဖွဲ့ ၇၆ ဖွဲ့ဖြင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူပြီးစီးမှုမှာ ယနေ့အထိ အိမ်ထောင်စုပေါင်း ၂၁၀၀၇ စု၊ မသန်စွမ်းအိမ်ထောင်စု ၂၀၉ စု ကောက်ယူပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကန်ကြီးထောင့်မြို့နယ်၌ လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ကန်ကြီးထောင့် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှုများ ကျဆင်းနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေးတို့အတွက် ကန်ကြီးထောင့်မြို့ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးဟိန်းဦးပိုင်နှင့် ဝန်ထမ်းများက ယနေ့ နံနက် ၈ နာရီက မြို့ပေါ် ခုနစ်ရပ်ကွက်နှင့် ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်သည်။

ကန်ကြီးထောင့်မြို့နယ် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအနေဖြင့် မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ထရန်စဖော်မာများ၊ ၁၁ ကေဗွီဓာတ်အားလိုင်းအား ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းနှင့်နီးသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဗို့အား ကောင်းသော Insulated Wire များဖြင့် လိုင်းကြိုးများလဲလှယ်ခြင်း၊ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကန်ကြီးထောင့်မြို့ပေါ် ရပ်ကွက်များ၌ ၄၀၀ ဗို့ ကြိုးဟောင်း



လေးမိုင်အား Insulated Wire 95 sqmm, 35 sqm များဖြင့် လဲလှယ်ခြင်း၊ ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာ လေးလုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သော သက်ဆိုင်ရာကုမ္ပဏီများက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 7 Lesson 4 : Find someone who…

**I. Complete the sentences with the words given below.**

mole dimples moustache nose hair

1. She has cute ____________________ when she smiles.
2. I have a runny ____________________ and sneezing.
3. He shaved off his ___________________ this morning.
4. She has one __________________ on the left side of her forehead.
5. Mother has dark curly ___________________.

**II. Write a description of each of the following people below as shown in example.**

e.g. Name : Mg Kyaw Myo Naing
Hair : short, dark
Eyes : green
Height : five feet two inches
Weight : average weight
Build : slim
Clothes : T-shirt, trousers, trainers.

**e.g. He is Kyaw Myo Naing. He has short, dark hair. His eyes are green. He is five feet two inches tall. He is of average weight. He is slim. He is wearing T-shirt, trousers and trainers.**

(1) Name : Ma San Nan Htike
Hair : short, red
Eyes : blue
Height : four feet eight inches
Weight : average weight
Build : heavy
Clothes : T-shirt, skirt.

__________________________________________________
__________________________________________________
__________________________________________________
_____________________________________________.

Name : U Hla Myint
Hair : short, dark
Eyes : black
Height : five feet six inches
Weight : average weight
Build : fat
Clothes : a white T-shirt, a longyi, flip-flops.

__________________________________________________
__________________________________________________
__________________________________________________
_________________________________________________.

**III. Use the words in the box to complete the dialogues.**

| | | |
|---|---|---|
| Has your brother got | Has your granny got | Have I got |
| Have you got | Have they got | Have we got |

1. A: Have you got my book?
   B: No, I haven't.
2. A: ______________________________ homework today?
   B: Yes, we have.
3. A: _________________________ your schoolbag?
   B: Yes, he has.
4. A: ___________________ cool hair?
   B: Yes, they have.
5. A: ____________________ long legs?
   B: No, you haven't.
6. A: ________________________ a dog?
   B: No, she hasn't.

**IV. Reorder the following sentences.**

1. Has / your sister / got / a mole / on her face / ? /
2. has / a / nose / mother / small / My / got / . /
3. a / My / teacher / dimple / has / . /
4. big / got / He / has/ ears / . /
5. nose / long / His / is/ pointed / and / . /

**Reading**

**Read the passage.**

Elephants are the largest type of land animal. They live in Africa and Asia and can be as heavy as a truck.

Elephants have a long trunk which they use to gather food, drink water and bathe. To cool down, they flap their large ears.

Elephants love to eat leaves, grass and bark. They are really big so they need to eat a lot of food. They sometimes spend up to 16 hours a day searching for food.

Glossary:
land animal = ကုန်းတိရစ္ဆာန်
truck = ကုန်တင်ယာဉ်
trunk = အဆွယ်
bark = သစ်ခေါက်
flap = လှုပ်သည်။

**Answer the questions.**

1. How heavy are elephants?
   ______________________________________________.
2. What do elephants use their long trunk for?
   ______________________________________________.
3. Where do elephants live?
   ______________________________________________.
4. What do they do with their ears to help them cool down?
   ______________________________________________.
5. Why do you think elephants spend so much time searching for food?
   ______________________________________________.

***************************

Ans:

Lesson 4 : Find someone who…

*I .1. dimples; 2. nose; 3. hair; 4. mole; 5. hair;*

*II. 1. She is Ma San Nan Htike. She has short, red hair. Her eyes are blue. She is four feet eight inches tall. She is of average height. She is heavy. She is wearing T-shirt and trainers. 2. He is U Hla Myint. He has short, dark hair. His eyes are black. He is five feet six inches. He is average weight. He is fat. He is wearing a white T-shirt, a longyi and flip-flops.*

*III. 2. Have you got; 3. Has your brother got; 4. Have they got; 5. Have I got; 6. Has your granny got;*

*IV.1. Has your sister got a mole on her face? 2. My mother has got a small nose. 3. My teacher has a dimple. 4. He has got big ears. 5. His nose is long and pointed.*

**Reading**

*1. Elephants are as heavy as a truck. 2. Elephants use their long trunk for gathering food, drinking water and bathing. 3. Elephants live in Africa and Asia. 4. Elephants flap their ears to help them cool down. 5. I/ We think elephants spend so much time searching for food because they are really big and need to eat a lot of food.*

******************************

## Grade 7

### Unit 5 Lesson 4: Dos and Don'ts in sports and games

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. A r___________ must know all the rules of the game.
2. She is a good tennis p____________.
3. We won the game with a s___________ 6 to zero.
4. We heard s___________ outside.
5. There is a n__________ that separates the two teams in a volleyball match.
6. A lot of caners can now be treated s_____________.
7. He always had a great i____________ in music.
8. I'm not sure that is e___________ right.
9. We are fond of playing v_____________.
10. He is captain of the football t____________.

**II. Supply the correct form of the words given in brackets.**

1. (popular) Her books have grown in ___________ recently.
2. (interest) You are a very ____________ person.
3. (play) She is an excellent tennis ___________.
4. (succeed) He wasn't a ___________ as a teacher.
5. (succeed) I hope you are more ___________ next time.
6. (wide) He carefully measured the length and ____ of the room.
7. (win) They are ___________ of the competition.

**III. Supply the correct form of the verbs given in brackets.**

1. (separate) The students __________ by the teacher.
2. (know) We ___________ each other for many years.
3. (you, have) How long ____________ a new bike?
4. (need) Do you _________ my help?
5. (allow) No one ___________ to smoke here.
6. (say) Please ___________ hello to your parents for me.
7. (hit) The boxers ___________ each other with their fists.
8. (catch) I threw a ball to her and she ____________ it.
9. (win) She ___________ first prize in the match.
10. (play) We ___________ football when it started to rain.

**IV. Read the sentences below and circle if the answer is true or false.**

1. A football field is called court.
   (True False)
2. The height of the goal or goalpost is 15 feet.
   (True False)
3. We play football to reduce stress.
   (True False)
4. The length of a standard football field is 130 yards.
   (True False)
5. A football team in play consists of 13 players.
   (True False)

**V. Complete the sentences with the suitable words given below. There are two extras.**

| | | | |
|---|---|---|---|
| players | success | exactly | interest |
| referee | last | match | |

1. He is trying to achieve financial ____________.
2. They are famous volleyball ______________.
3. She has a great ___________ in life—that is singing.
4. The __________ ended in a draw.
5. The __________ blew his whistle start the match.

*****************************

Ans:

Lesson 4: Dos and Don'ts in sports and games

*I. 1. referee; 2. player; 3. score; 4. sound; 5. net; 6. successfully; 7. interest; 8. exactly; 9. volleyball; 10. team;*

*II. 1. popularity; 2. interesting; 3. player; 4. success; 5. successful; 6. width; 7. winners;*

*III. 1. were separated; 2. have known; 3. have you had; 4. need; 5. is allowed; 6. say; 7. hit; 8. caught; 9. won; 10. were playing;*

*IV. 1. false; 2. false; 3. false; 4. false; 5. false;*

*V. 1. success; 2. players; 3. interest; 4. match; 5. referee;*

* * * * * * * * * * * *

## Grade 8

### Unit 8
### Lesson 4: My dream resort

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. He is a football c__________of our school football team.
2. I enjoyed a p___________view from the top of the tower.
3. The buyers are c______________ into the salesroom.
4. Most of the tourists like to visit by c___________ship.
5. He greeted me with a big s______________.
6. A visit to the museum is an u_________experience for me.
7. They live in an e______________ house.
8. I had a d____________dinner at the restaurant yesterday.
9. She is an e___________teacher. She has many experiences of teaching.
10. The house has b_____________views from every room.

**II. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | | | |
|---|---|---|---|
| friendly | delicious | unforgettable | breathtaking |
| spacious | panoramic | hospitable | |

1. They were very ____________ to me when I first arrived.
2. She is always ______________ to visitors from abroad.
3. There is a nice ____________view on surrounding mountains.
4. Did you have an ________________ moment in your life?
5. Every room of this house is comfortable and _____________.

**III. Match the sentences halves.**

| | |
|---|---|
| 1. The house was freezing, | (a) did you make it? |
| 2. It was a really friendly | (b) so I turned the heating on. |
| 3. This cake is delicious! How people. | (c) party and I met some nice |
| 4. We stayed in a really peaceful annoying. | (d) music at night – it's really |
| 5. My neighbours often play noisy relaxed. | (e) hotel in the mountains and just |

**IV. Choose the correct answers.**

1. It's (freezing / boiling) outside! Put your coat on.
2. I love that restaurant – it's got good food and a very (friendly / delicious) atmosphere.
3. Life here isn't very (tasty / exciting) – there's nothing to do!
4. The meat was OK, but I didn't like the sauce – it was too (spicy / noisy) for me.
5. It was a great party. The music was brilliant and the food was (boiling / delicious).
6. Oh dear, it's (spicy / boiling) in here! Open a window!
7. The streets were (noisy / peaceful) and full of traffic.
8. It's always so (tasty / peaceful) out here in the country.

**V. Look at the phrases. Cross out one adjective in each group which cannot go with the noun.**

1. (exciting / tasty / peaceful) atmosphere
2. (noisy/ tasty / spicy) food
3. (noisy / delicious / friendly) party
4. (peaceful / boiling / spicy) soup
5. (noisy / peaceful / delicious) town

**VI. Put the following descriptive adjectives into the appropriate groups.**

| | | | |
|---|---|---|---|
| reliable | confident | important | peaceful |
| wonderful | happy | angry | upset |
| doubtful | lonely | confused | afraid |
| lovely | helpful | smiling | successful |
| talented | friendly | awful | careless |
| cruel | stingy | selfish | forgetful |

| Pleasant feelings | unpleasant feelings | positive personality | negative personality |
|---|---|---|---|
| ________ | ________ | ________ | ________ |
| ________ | ________ | ________ | ________ |
| ________ | ________ | ________ | ________ |
| ________ | ________ | ________ | ________ |
| ________ | ________ | ________ | ________ |

**Ans:**

**Lesson 4: My dream resort**

I. 1. coach; 2. panoramic; 3. crowded; 4. cruise; 5. smile; 6. unforgettable; 7. enormous; 8. delicious; 9. excellent; 10. beautiful;

II. 1. friendly; 2. hospitable; 3. panoramic; 4. unforgettable; 5. spacious;

III. 1. (b) 2. (c) 3. (a) 4. (e) 5. (d)

IV. 1. freezing; 2. friendly; 3. exciting; 4. spicy; 5. delicious; 6. boiling; 7. noisy; 8. peaceful;

V. 1. Tasty; 2. Noisy; 3. Delicious; 4. Peaceful; 5. Delicious;

VI.

| Pleasant feelings | Unpleasant feelings |
|---|---|
| reliable | angry |
| confident | upset |
| important | doubtful |
| peaceful | lonely |
| wonderful | confused |
| happy | afraid |
| **Positive personality** | **Negative personality** |
| lovely | awful |
| helpful | careless |
| smiling | cruel |
| successful | stingy |
| talented | selfish |
| friendly | forgetful |

************************

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Lesson 11: The Brave Dog သင်ခန်းစာနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ သင်ခန်းစာအားလုံးကိုရောနှောပြီး ပြန်လှန်လေ့ကျင့်ခန်းအဖြစ် Review Exercises မေးခွန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Review Exercises

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Mother wears a diamond n_____ round her neck. 1. _____
2. Ko Ko is so honest that we can t_____ him. 2. _____
3. The woman is w___. She can buy what she wants. 3. _____
4. There are a_____ five people in my family. 4. _____
5. Another word for perfect is f_____. 5. _____
6. Two children who are born together of the same mother are called t_____. 6. _____
7. The m_____ is a very popular long distance race. 7. _____
8. The moon is a s_____ of the earth. 8. _____
9. Scientists make experiments in a l_____. 9. _____
10. Headaches may be a s_____ of stress. 10. _____

**II. Supply the correct form of the word given in brackets.**

1. (colour) The flowers in the garden are _____. 1. _____
2. (poor) Daw May Thi was _____ dressed. 2. _____
3. (discover) --------- of penicillin saves countless numbers of lives. 3. _____
4. (long) We need to shorten the ____ of this film. 4. _____
5. (begin) Let's start again from the _____. 5. _____
6. (lead) Who is the group ____? 6. _____
7. (rehearse) We only had six days of ____. 7. _____
8. (sun) It is _____ today. Let's go on a picnic. 8. _____
9. (give) He bought an expensive ____ for his wife. 9. _____
10. (direct) Finally, she became a _____. 10. _____

**III. Answer the following.**

1. What is a studio?
2. Who invented dynamite?
3. Why is cramming a bad habit?
4. What is weather forecasting?
5. What are bacteria?
6. How can we make music?
7. What is a hygrometer for?
8. Who gave the names of the days?
9. Who can partake in the modern Games?
10. When and where was Thomas Alva Edison born?

**IV. Supply the correct form of the verb given in brackets.**

1. (be) My sisters _____ lawyers for four years. 1. _____
2. (make) _____ hay while the sun shines. 2. _____
3. (lose) I _____ my keys yesterday. 3. _____
4. (paint) They ____ the walls at present. 4. _____
5. (play) The children ________ hide-and-seek game now. 5. _____
6. (invent) Dynamite _____ by Nobel. 6. _____
7. (meet) We _____ at this time tomorrow. 7. _____
8. (not, eat) Mother _____ anything yet. 8. _____
9. (swim) We _____ in the swimming pool once a week. 9. _____
10. (borrow) Maung Khin _____ my bike for a while. 10. _____

**V. Finish each sentence in such a way that it means exactly the same as the sentence that is given.**

1. He had seen me in a photograph. So he recognized me at once.
   Seeing ______________________________________.
2. Why have they moved my table?
   Why has __________________?
3. The children are too young to take care of themselves.
   The children are not _______________________.
4. English as well as History is not a science subject.
   Neither _____________________.
5. It was very hot. We could work no more.
   It was too _______________________.
6. "Don't make a noise, Myo Myo", said Thurein.
   Thurein ordered ________________.
7. We must always obey the school rules.
   It is _______________________.
8. Who is the man? His car is red.
   Who is the man _____________?
9. We go to school to learn our lessons.
   Why _____________________?
10. Mother went to market. She did not take a basket.
    Without ______________________.

++++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၂၂-၂၀၂၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေဒေသရှိ အသုံးမလို ပိုလျှံသံထည်ပစ္စည်းအဟောင်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | တန်ချိန် (ခန့်မှန်း) | တင်ဒါပိတ်ရက်/အချိန် | | တင်ဒါဖွင့်ရက်/အချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| (၁) | အသုံးမလိုပိုလျှံသံထည် ပစ္စည်းအဟောင်းများ | ၃၅၀-တန် | ၂၇-၁-၂၀၂၃ | ၁၂:၀၀ နာရီ | ၂၇-၁-၂၀၂၃ | ၁၃:၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ၁၃-၁-၂၀၂၃ ရက်နေ့မှ ၂၆-၁-၂၀၂၃ ရက်နေ့အထိ ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပစ္စည်းစီမံဌာန၊ ဖုန်း-၀၆၇၃-၄၁၁၃၄၄၊ ၀၆၇၃-၄၁၁၀၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် ရောင်းချရေးကော်မတီ**

## "ခိုင်လုံစွာ ကန့်ကွက်နိုင်ပါကြောင်း"

ကျွန်ုပ်၏ ဤသို့ကြော်ငြာရန် အခွင့်အာဏာအပ်နှံခြင်းခံရသည်ဖြစ်၍ အောက်ပါအတိုင်း ကြော်ငြာသည်မှာ-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-(၁၀၀၄)၊ လူနေရပ်ကွက်အမှတ်-(၃)၊ ရန်ပြေ(၁၇) လမ်း(အနောက်)၊ အမှတ်(၁၀၀၄)မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်ခန်းများထဲတွင် မြေညီထပ်(အေ-၁)လွှာ (ခေါင်းရင်းဘက်ခြမ်း) အခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဦးနေဝင်း[၁၂/လမန(နိုင်)၁၀၃၈၉၀]ထံမှ ဝယ်သူ၊ ရောင်းသူတို့ ကတိရှိသည့်အားလျော်စွာ ဆက်စပ်ပစ္စည်းများကို အရောင်းအဝယ်ပြုရာတွင် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏အစိတ်အပိုင်းကို ကနဦးပေးချေထားပါသည်။

ထိုအရောင်းအဝယ်ကိစ္စကို နှောင့်ယှက်လိုသည့်ဆန္ဒမပါဘဲ ကန့်ကွက်နိုင်သည်ဟု ယူဆပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာဝင်း(LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၉၅)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၆၁၀၉၃**

## "ပျောက်ဆုံးကြောင်းကြေညာခြင်း"

ကျွန်တော်များ **Shwe Set Kyar Ko Tint Wai Co.,Ltd** မှ (၉-၁-၂၀၂၃) တွင် **D/O No:1000074, D/O No:1000073** နှစ်စောင် ပျောက်ဆုံးသွားပါကြောင်း ကြော်ငြာအပ်ပါသည်။

**Ph:09-251129501**

## အမည်ပြောင်းနှင့်ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အ.ထ.က (မန်ခိုန်)ကျောင်း၊ Grade-7 မှ မောင်ဘုန်းသက်ဟိဏ်းခိုင်အား မောင်နူးချမ်းဟုပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးတိန်နူး [၁/မကန(နိုင်)၀၇၄၂၉၃]ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ ချမ်းသာဂုဏ်ရောင်ကွန်ဒိုတွင် ဆောက်လုပ်ထားသော "ရွှေချမ်းသာ" (၁၆)ထပ်အဆောက်အဦ၏ ပထမထပ်၊အခန်းအမှတ်(၀၂)ဟုခေါ်တွင်သော(၁၅၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးမောင်မြင့်[၃/ဘအန(နိုင်)၁၈၃၃၄၃]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုမိုအောင်က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းရောင်းဝယ်မှုအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေပါသည်။

**ဒေါ်မိုမိုအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းသန်း(LL.B) (စဉ်-၈၉၁၅/၁၃)** **ဒေါ်ဖြိုးအိအိဇော(LL.B)(စဉ်-၁၆၈၁၃/၂၀)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၈၊ ရွှေဝါလမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၃၂၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ ပါမစ်မြေ အမျိုး အစား မြေကွက်အနက်မှ တရားဝင် ခွဲစိတ်ခြင်းမပြုရသေးသည့် အကျယ်အဝန်း(၂၀ x ၆၀) ပေ ရှိသော မြေကွက် နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမင်းမင်းထွန်း [၁၂/မဂဒ(နိုင်)၁၁၀၇၂၃]နှင့် ဒေါ်ချိုဇင်ထွေး[၁၂/ဒဂတ(နိုင်)၀၄၃၂၄၆]တို့မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၊ နေအိမ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးသက်ဦး(LL.B) (စဉ်-၄၈၁၁၆)** **ဒေါ်နှင်းယုဝေအေး (LL.M, D.I.L) (စဉ်-၄၁၁၅၂)**
**အထက်တန်းရှေ့နေများ**
**Hnin Yu Jasmine Legal Services**
**အမှတ်(၁၁၅)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ သုမင်္ဂလာလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၃၇၆၄၁၅၊ ၀၉-၇၈၈၀၃၁၇၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၅)လမ်း၊ မြေကွက်အမှတ်(H/၆၅)၊ မြေပေအကျယ်(၄၀x၆၀)ပေရှိ စလစ်ခြံမြေကွက်သည် သန်လျင်မြို့နယ် မြို့မြေစာရင်းတွင် ဒေါ်ချဲလက်မ(ခ)ဒေါ်ဆဲလဲမ (SRM ၀၃၄၅၁၇) ၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမြေကွက်အား အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူဦးမြတ်မင်းဟိန်း(ခ)ဦးမင်းခန့်[၁၂/တမန(နိုင်)၁၀၂၅၂၉]က အဆိုပါစလစ်ခြံမြေကွက်၏အကျယ်အဝန်း (အလျား၄၀ပေ x အနံ၆၀ပေ)အနက်ထဲမှ ခြေရင်းဘက်ခြမ်းရှိ အလျားပေ(၂၀)xအနံ (၆၀)ပေရှိ ခြံမြေကွက် အလွတ်အားမိမိကသာတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိုးမင်းဇော်[၁၂/တကန(နိုင်)၀၂၆၉၁၇]၊ ဒေါ်နီလာစိုး [၁၂/ဗတထ(နိုင်)၀၃၁၇၂၂]တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာအေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၅၅)**
**အမှတ်(၂၆၉)၊ သဇင်(၂၃)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉-၄၅၅၃၀၅၆၉၇**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅၁

| | | |
|---|---|---|
| ၁။ ဦးအောင်ဝင်း | နှင့် | ၁။ ဦးတူးတူး |
| ၂။ ဦးဟန်တင် | | ၂။ ဒေါ်သီရိဟေမာ |
| | | ၃။ ဒေါ်အုန်း |
| | | ၄။ ဦးညွန့်မောင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ ခြံအမှတ်(၇၄)နေ (၄)တရားပြိုင် ဦးညွန့်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်ဝင်းပါ - ၂ ဦးက "**(၂၉-၇-၂၀၂၂) ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်အဆောက်အဦ အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု**" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ( ၂၇ )ရက်၊ (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ( ၁၃ )ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး( ၃ )**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## အမှားပြင်ဆင်ခြင်း

(၁၁-၁-၂၀၂၃)ရက် နေ့စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၅)ရှိ ကန့်ကွက်နိုင်ပါသည်ကြေညာချက်တွင် ဓမ္မစိတ္တ(၂)လမ်းအစား၊ သမ္မစိတ္တ(၂)လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန် အမှားပြင်ဆင်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၇၄၇)** | **(စဉ်-၁၃၉၂၄)** |
| **Ph:09-954280932** | **LL.B, D.B.L, D.I.L, D.M.L** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,** |
| | **09-977402677** |

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြု အကြီးတန်းလိုင်စင်ရ ကန်ထရိုက်တာ ဦးကိုကိုထွေး (LC-၁၁၉) [၁၂/စခန(နိုင်)၀၁၅၉၅၀]ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသန်း[၁၂/စခန(နိုင်)၀၁၆၆၀၈]မှ ကန်ထရိုက်တာလိုင်စင်အာမခံကြေး သန်း(၅၀) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ထုတ်ယူခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ(၁၄)ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "တိုက်ခန်း ဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း
## အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများဖြစ်သော ဦးသက်နိုင်ထွေး[၁၄/ဇလန(နိုင်)၁၂၄၉၈၅]နှင့် ဒေါ်သော်တာရီ[၇/ရတရ(နိုင်)၁၀၀၈၉၆]တို့သည် "**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းနှင့် အာဇာနည်လမ်းထောင့်၊ အမှတ်-၁/အေ၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅စီဂျီ၊ မြေကွက်အမှတ်-၁၀၁၈၊ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ပထမထပ် (ခေါင်းရင်းဘက်ခြမ်း) ဟုခေါ်တွင်သော အကျယ်(၁၈x၄၅)ပေရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အဲကွန်း(၂)လုံး၊ ရေ၊ မီး အစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**" တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော "ဒေါ်မေနွယ်စိုး[၁၂/ဗဟန(နိုင်)၀၉၄၀၄၃]"ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မေသန္တာသိန်း** | **ဒေါ်ပွင့်သူဇာ** | **ဦးနေလင်း (LL.B) (စဉ်-၅၀၄၃၀)** |
| **(LL.B)** | **(LL.B)** | **ဦးသိန်းထွန်းကျော်(LL.B)(စဉ်-၅၄၇၄၉)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** | **ဒေါ်သိင်္ဂီနိုင် (LL.B) (စဉ်-၅၀၈၃၅)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **ဦးသီရိန်လင်း (LL.B) (စဉ်-၅၅၃၂၄)** |
| | | **အထက်တန်းရှေ့နေများ** |

**Law Garden Lawfirm**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဃ၊ မြေကွက်အမှတ်(၆၀/က)၊ ၁၂၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၆၀/က)၊ ဝေပုလ္လ(၂)လမ်း၊ (ဃ)ရပ်ကွက်၊ ဒေါ်တင်တင်လတ်[၁၂/ဥကမ(နိုင်)၁၁၂၈၈၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်လတ် (မိခင်) သည် (၅-၁၀-၂၀၁၂)ရက်နေ့တွင်လည်းကောင်း၊ ဦးစိန်မြင့် (ဖခင်)သည် (၂၈-၂-၂၀၀၅)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်တင့်လှမ်းဝေ[၁၂/ဥကမ(နိုင်)၁၆၈၄၁၈]၊ ဦးအောင်ကြီး [၁၂/ဥကမ(နိုင်)၁၅၅၂၇၄]၊ ဦးဇေယျာလင်း [၁၂/ဥကမ(နိုင်)၁၈၁၈၄၃]၊ ဒေါ်တင်ရတနာစိန်မြင့် [၁၂/ဥကမ(နိုင်)၁၉၇၂၀၃] သားသမီး (၄)ဦးမွေးဖွားခဲ့ရာ ဦးအောင်ကြီးသည် (၄-၁-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့ သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်[၁၂/သဃက(နိုင်)၁၅၄၇၄၇]၊ ဦးဇေယျာလင်းသည် (၂၃-၂-၂၀၀၉)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်တင့်လှမ်းဝေ၊ ဒေါ်တင်ရတနာစိန်မြင့်၊ ဒေါ်မြင့်မြင့်ခိုင်တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/သမီး၊ ချွေးမတော်စပ်ကြောင်း၊ အခြားသောအမွေ ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်- ၂၃၀၉/၂၀၂၂/၂၅-၇-၂၂ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ မြေစာရင်း မှတ်ချက်ရှိ ၂၀၀၇ ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းမှာ အမည်ပေါက်ဖြစ်သူ မိခင်ဒေါ်တင်တင်လတ်၏ လက်ဝယ်တွင် အသိမ်းအဆည်းလွန်၍ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အခြားသူသို့ ရောင်းချထားခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းရောင်းချခြင်းမရှိပါကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူ ဖြေရှင်းမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၁၅၄/၂၂ (၂၁-၁၂-၂၀၂၂) ဖြင့် တင်ပြလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကမာရွတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှု အမှတ်-၃၅၈

| | | |
|---|---|---|
| ဒေါ်ပေါက်ပေါက် | နှင့် | ဦးမြတ်သူ |
| **(တရားလို)** | | **(တရားပြိုင်)** |

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ကိုယ်ပိုင်လမ်း၊ အမှတ်-၃/၇၃နေ အထက်အမည်ပါ တရားပြိုင် ဦးမြတ်သူ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း (၇၀၀)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ (၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မျိုးညွန့်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၇၀၀/ခ)၊ ဧရိယာ(၂၀'x၆၀') မြေကွက်တည်နေရာအမှတ်(၇၀၀/ခ)၊ အနော်မာ(၁၆)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဘိုကေ [၁၂/သကတ(နိုင်)၀၉၇၂၉၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ ဦးတင်မြင့် [၁၂/သကတ(နိုင်)၀၉၇၅၂၂]အား ကွယ်လွန်သူအမည်ပေါက် ဦးဘိုကေ၏ ပိုင်ဆိုင်ခွင့်အစုအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၅၁၄၇/၂၀၂၂(၇-၇-၂၀၂၂)ဖြင့် ပိုင်ဆိုင်လာသူ ဦးသိန်းနိုင်[၁၂/သကတ(နိုင်)၁၀၉၅၂၆]၊ ဦးသိန်းထိုက်စိုး[၁၂/သကတ(နိုင်)၁၅၅၉၅၈]၊ ဒေါ်အေးသီတာ[၁၂/သကတ(နိုင်)၁၈၀၂၄၁]၊ ဒေါ်ခင်မိုးလှိုင် [၁၂/သကတ(နိုင်)၁၈၀၈၉၇]၊ ဦးသောင်းစိန် [၁၂/သကတ(နိုင်)၀၉၇၁၉၃]၊ ဦးအောင်သန်း[၁၂/ဥကမ(နိုင်)၀၁၄၈၃၆] တို့အနက်မှ ဦးသောင်းစိန်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၉/၂၀၁၈(မိတ္တူမှန်) ဖြင့်လည်းကောင်း၊ ဦးသိန်းနိုင်၊ ဦးသိန်းထိုက်စိုး၊ ဒေါ်အေးသီတာ၊ ဒေါ်ခင်မိုးလှိုင်တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၂၀၇/၄-၇-၂၀၂၂ ဖြင့်လည်းကောင်း၊ ဦးအောင်သန်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၂၀၆/၄-၇-၂၀၂၂ ဖြင့်လည်းကောင်း၊ (GA)ရရှိသူ ဒေါ်ဖြူဖြူဝင်း(ခ)မူမူအေးနှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်မြင့် [၁၂/သကတ(နိုင်)၀၉၇၅၂၂]တို့မှ ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်၊ နှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း မရှိပါကြောင်း၊ ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ၊ မြို့နယ်ရဲစခန်း ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံကတိ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့် ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ SKY SUITES CONDO၊ မြေကွက်အမှတ် (၂၃+၂ ၏ တစ်စိတ်တစ်ဒေသ)၊ Basement(၂)ထပ်+RC (၂၃)ထပ် ကွန်ဒိုအဆောက်အဦ၏ (၁၆လွှာ)၊ အခန်းအမှတ်(၀၁)၊ ဧရိယာ (၁၆၆၉) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည့်ဟုဝန်ခံသော SCW Development Group Co.Ltd.(ကိုယ်စား) မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းနိုင် [၁၂/လမန(နိုင်)၀၄၅၄၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ထက်အိန္ဒြေလင်း [၁၂/လမတ(နိုင်)၀၃၃၂၅၂]၊ ဦးနိုင်ဦးလွင်[၁၂/လမတ(နိုင်)၀၃၅၁၃၃]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထက်အိန္ဒြေလင်း၊ ဦးနိုင်ဦးလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်သူဇာကျော်**
**LL.B.D.B.L,D.I.L,D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)**
**Ph: 09–765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ ရွှေဒေါင်းပျံလမ်း၊ မြေကွက်အမှတ်(၂၉၄)ဟုခေါ်တွင်သည့် မြေအကျယ် အလျား (၄၀)ပေx အနံ(၆၀)ပေရှိ ဦးခင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်ခွဲခြမ်းစိတ်ဖြာခြင်းမပြုရသေးသည့် ထိုမြေကွက်ကြီး၏ ခေါင်းရင်းဘက်အခြမ်း (မျက်နှာမူညာဘက်) မြေအကျယ် အလျား(၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦ (၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁)ဒေါ်မြမြစိုး [၇/သနပ(နိုင်)၁၁၃၉၇၉]၊ (၂) ဦးသိန်းဇော်ဝင်း [၁၂/လသယ(နိုင်)၀၄၆၃၈၅]၊ (၃)ဒေါ်အေးမြတ်မွန် [၁၂/လသယ(နိုင်)၀၄၆၃၈၄]တို့မှ မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် (၁) ဦးအောင်မင်း [၁၁/ရဗန(နိုင်)၁၀၃၉၅၄]၊ (၂) ဒေါ်စောသီတာထွန်း [၇/ပတန(နိုင်)၀၉၀၁၄၈]တို့မှ အထက်ပါနေအိမ်နှင့်မြေကွက်အား ငွေအပြေအကျေပေးချေကာ ဝယ်ယူခဲ့ပြီးဖြစ်ပါကြောင်းနှင့် လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ –**
**ဦးသန်းညွန့်အောင် (LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၉၂၆)**
**အမှတ်–(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ STRAND CONDO၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–450025702**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ နတ်သျှင်နောင်လမ်း၊ မြေကွက်အမှတ်(၁၆၉၀)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးခင်မောင်တင့် (ဘ) ဦးသောင်းညွန့် (PKU–၁၈၂၄၁၈) အမည်ဖြင့်ချထားသည့် ပါမစ်မြေကွက်၏ တရားဝင်ခွဲစိတ်ထားရသေးခြင်းမရှိသော ခြေရင်းခြမ်း (ထောင့်ကွက်)၊ ပါမစ်မိတ္တူခြမ်း၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်သူဇာညွန့် [၁၂/မရက(နိုင်)၀၆၆၈၃၃]က ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေသီအောင် [၁၂/ဒဂတ(နိုင်)၀၄၁၆၂၆]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီး မြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်ကေသီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်မေလှိုင် LL.B, D.B.L, Dip in English**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၁၆/၂၁–၁၂–၂၀၁၁)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။ PH: 09–5083805, 09–799618472**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## မာန်အောင်မြို့နယ်တရားရုံးတော်၌။
## ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆ နှင့် ဆက်သွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၁

| | | |
|---|---|---|
| (၁) ဦးဝင်းတင်<br>(၂) ဒေါ်ဘေဘီခင် | | (၁) ဦးမျိုးမင်းနိုင်<br>(၂) ဒေါ်တင်တင်ညို |
| **ဒီကရီအနိုင်ရသူများ** | **နှင့်** | **တရားရှုံးများ** |

မာန်အောင်မြို့နယ်၊ စမုံတဲအုပ်စု၊ နတ်ပြင်ကျေးရွာနေ (၁)တရားရှုံး ဦးမျိုးမင်းနိုင် (၂)တရားရှုံး ဒေါ်တင်တင်ညို (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူများက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြိုးစည်သူ)**
**မြို့နယ်တရားသူကြီး**
**မာန်အောင်မြို့နယ်တရားရုံး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်းဒါယိကာမကြီး**

## ဒေါ်အေးခင် (ရွှေကျင်)
## (ညီမလေးအာဇာနည်)
## အသက်(၉၉)နှစ်

ရွှေကျင်မြို့နေ (ဦးစံပွင့်–ဒေါ်ကြင်ယုံ)တို့၏ သမီးထွေး၊ (ဦးစံဝေ–ဒေါ်မြ)တို့၏ သမီးချွေးမ၊ ခရေပင်ရိပ်မွန်(၂)၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးအောင်မြတ်)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်သန်းဝင်း (သစ်လုပ်ငန်း–ငြိမ်း)–ဒေါ်ခင်သန်းနွယ်၊ (ဦးအောင်ဆန်းလင်း)–ဒေါ်သန်းသန်းဌေး၊ (ဦးအောင်သန်းထွန်း)– ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ဌေးဌေးအောင် (ICDP–UNDP)၊ ဗိုလ်မှူးချုပ်ဘိုလွင် (ငြိမ်း)–ဒေါ်အေးအေးအောင် (ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်–ငြိမ်း)၊ (ဦးသိန်းအေး)– ဒေါ်စိုးစိုးအေး၊ Nobotoshi Tochigi–ဒေါ်အိအိခင် (ခေတ္တ–ဂျပန်)၊ ဦးမြင့်ခင်–ဒေါ်အေးအေးသန်း၊ ဒေါ်ညွန့်ညွန့်ခင်၊ ဦးမြင့်ကျော် (MYANMAR Posco)– ဒေါ်ခင်မြတ်မြတ်အောင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၈ ယောက်တို့၏ အဘွား၊ မြစ် ၂၃ ယောက်တို့၏ ဘွားဘွားကြီး ဒေါ်အေးခင် (ညီမလေး အာဇာနည်) သည် ၁၂–၁–၂၀၂၃ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် လူကြီးရောဂါဖြင့် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၁–၂၀၂၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈–၁–၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာ ပြုလုပ်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစုများ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၅)၊ ကြေးတိုင်လမ်း၊ မြေကွက်အမှတ်(၁၅၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧကေ၊ (၂၄၀၀–စတုရန်းပေ)ရှိ နှစ်(၆၀) ဂရန် မြေကွက်ကြီးအနက်မှ တရားဝင် မခွဲမစိတ်ရသေးသည့် မြေကွက်အား မျက်နှာမူကြည့်လျှင် (ညာဘက်ခြမ်း) (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးတင်မောင်လတ် (AF–၀၇၃၈၈၁)အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှ အရောင်းအဝယ် ကတိစာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်လေး [၇/ပမန(နိုင်)၀၀၆၃၅၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်ထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၀၀)**
**အမှတ်(၁၆)(ခ)၊ ရန်ကုန်လမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၀၅၈၅၅၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၂–ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၈၄

| | | |
|---|---|---|
| ဦးဇေယျစိုး | နှင့် | ၁။ ဒေါ်ကြည်ကြည်ဝင်း<br>၂။ ဦးထွန်းသန်းစိုး<br>၃။ ဦးထက်ဇော်ဦး<br>၄။ ဦးဝေယံထက်<br>၅။ ဦးဘအုံးဖေ<br>၆။ မဒေါ် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ သဇင်လမ်း၊ အမှတ်(၃၈/က)နေ (၅)တရားပြိုင် ဦးဘအုံးဖေ နှင့် (၆) တရားပြိုင် မဒေါ် (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **“ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် စာချုပ် မှတ်ပုံတင်ပေးစေလိုမှု”** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃–ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ (၁၃၈၄–ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ဒေါ်ကြည်ညွန့်
## အသက်(၉၅)နှစ်

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အမှတ် (၂၀၄)နေ (ဦးစွန်ထောင်–ဒေါ်အေးပု)တို့၏ သမီး၊ (ဦးစွန်ကြိုင်)၏ ချစ်လှစွာသောဇနီး၊ ဦးစိုင်းအောင်ချို–ဒေါ်နွယ်နွယ်ခင်၊ ဦးခင်မောင်မျိုးတင့်–ဒေါက်တာနွယ်နွယ်ယဉ်၊ ဦးစိန်နိုင်၊ ဦးဝင်းဆွေ–ဒေါက်တာနွယ်နွယ်ဇင်၊ ဦးသန်းနိုင်–ဒေါ်ရီမာအောင်ချို၊ ဦးဝင်းနိုင်–ဒေါ်ချိုချို၊ ဦးစိုးနိုင်–ဒေါ်ကေဇင်မျိုးအောင်၊ ဦးအောင်နိုင်–ဒေါ်စီစီအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွားသည် ၁၃–၁–၂၀၂၃ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၅–၁–၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ၆–မိုင် ဟုတ်ကြန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (၁၇)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ စေတီ၊ သိမ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

## ဦးသိန်းမောင်(ရတနာသိန်း)
### ရတနာခင်မြင့် Co.,Ltd (ချောက်/ရန်ကုန်)

၁၄–၁–၂၀၀၆ ရက်တွင် ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာခဲ့သည်မှာ(၁၇)နှစ်ပြည့်ပြီးဖြစ်သော်လည်း မိသားစုမှာ လွမ်းဆွတ်သတိရနေဆဲပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုနှင့် (၆–၁–၂၀၂၃)ရက်တွင် ပြုလုပ်ခဲ့ပြီးသည့် ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား အရုဏ်ဆွမ်းလောင်းလှူသော ဝေပုလ္လဆွမ်းလောင်းပွဲကြီးအား အမျှပေးဝေပြီး ဖခင်ကြီး မြင့်မြတ်သော ဘုံဘဝမှသာခုခေါ်ဆိုနိုင်ပါစေ။

**တက်လှမ်းနိဗ္ဗာန်ရောက်ပါစေ**
**ဇနီး – ဒေါ်ခင်မြင့်နှင့်သားသမီးမြေးမြစ်တစ်စု**
**ချောက်၊ ရန်ကုန်(ရတနာသိန်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (ယခု) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၆)၊ အင်းဝ (၇)လမ်း၊ မြေကွက်အမှတ် (၄၂၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးစိန်မောင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာမာဦး [၁၀/သထန(နိုင်)၀၁၇၀၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယုယုနွယ် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၅၅၈)**
**အမှတ် (၁၃၂၇/က)၊ အေးရိပ်သာ (၇)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph – 09–450065273**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀၊ မြေကွက်အမှတ် (၄၉၃/က)၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ ဒေါ်ခင်ထွေးမြင့် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၉၃/က)၊ သစ္စာလမ်း၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာ [၁၂/ဥကတ(နိုင်)၀၈၇၅၁၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** | **ဒေါ်ခင်မျိုးလတ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၇၂၂၆)** | **အထက်တန်းရှေ့နေ(စဉ်–၅၁၃၆၆)** |

**အမှတ် (၄၄)၊ ပ–ထပ်၊ အခန်း (၁၀)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၃၁၂၁၅၇၃၊ ၀၉–၂၅၄၁၃၀၀၇၄**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ အောင်မေတ္တာလမ်း၊ မြေကွက်အမှတ်(၇၈)ဟုခေါ်တွင်သော ဒေါ်ချိုချိုသန်း အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား မြေအကျယ် (၄၀x၆၀)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးနေလင်းထွန်း[၁၂/ဒဂရ(နိုင်)၀၀၇၉၀၃]မှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်ဦး [၁၂/သဃက(နိုင်)၁၄၅၄၄၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ–** | **ညွှန်ကြားချက်အရ–** |
| **ဦးကျော်ကျော်ဦး** | **ဒေါ်ခင်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၆၀)** |

**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၆၃၂၂၀၉၁**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်...

❖ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြ....

❖ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ

**မြေပြင်ကွင်းဆင်း တစ်အိမ်တက်ဆင်း**
ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း**
စာမျက်နှာ » ၁၁

**ထိုင်းနိုင်ငံ၏ စီးပွားရေးကို ခရီးသွားလုပ်ငန်းဖြင့် မြှင့်တင်ရန် အစီအမံချမှတ်**
စာမျက်နှာ » ၁၃

**မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းများအား အကြမ်းဖက် အဖွဲ့အစည်းများမှ နှောင့်ယှက်ဖျက်ဆီးမှုများ**
စာမျက်နှာ » ၁၄

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၃

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်း ချီးမြှင့်အပ်နှင်းခဲ့သည်။




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း သီရိပျံချီဘွဲ့ရရှိသူ ဦးထွန်းမြင့် ကိုယ်စား မြေးဖြစ်သူ ဦးတင်မြင့်လှိုင် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက် ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီ အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်နှင့် မိသားစုဝင်များထံသို့ လက်ရောက် ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

**သွားရောက်ချီးမြှင့်**

ထိုသို့ ချီးမြှင့်ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးသိန်းအောင်(ကိုယ်စား)ဇနီး ဒေါ်စန်းစန်းလွင် ထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းခဲ့သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❂


ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# AFF Cup ပြိုင်ပွဲ ဗိုလ်လုပွဲ ပထမအကျော့တွင် ဗီယက်နမ်နှင့် ထိုင်း နှစ်ဂိုးစီသရေကျ

ရန်ကုန် ဇန်နဝါရီ ၁၃

2022 AFF Cup ပြိုင်ပွဲ ဗိုလ်လုပွဲ ပထမအကျော့ကို ဇန်နဝါရီ ၁၃ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ ဗီယက်နမ်နှင့် လက်ရှိချန်ပီယံ ထိုင်းအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

**ပေးဂိုးမရှိစံချိန် ရပ်တန့်ခဲ့**

ဗီယက်နမ်အသင်းသည် အိမ်ကွင်း၌ကစားရသည့် ပထမအကျော့ပွဲတွင် အနိုင်မကစားနိုင်သဖြင့် ချန်ပီယံဆု တစ်ကျော့ပြန် ရယူနိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ထိုင်းအသင်းသည် အဝေးကွင်းသရေရလဒ်ကြောင့် ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းနိုင်ရန် အခွင့်အရေးကောင်းသွားခဲ့သည်။ ဗီယက်နမ်အသင်း၏ ခြောက်ပွဲဆက် ပေးဂိုးမရှိ စံချိန်မှာလည်း ခုနစ်ပွဲမြောက်တွင် ရပ်တန့်ခဲ့ရသည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ထိုင်းတိုက်စစ်တွင် ဝါရင့်တိုက်စစ်မှူး ဒန်ဒါ မပါဝင်နိုင်သော်လည်း ဗီယက်နမ်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲအစပိုင်းတွင် ဗီယက်နမ်အသင်းက ဖိကစားနိုင်ခဲ့ပြီး ၂၄ မိနစ်တွင် တိုက်စစ်မှူး ငုယင်သီလင်က ခေါင်းတိုက်ပြီး ဂိုးစတင်သွင်းယူခဲ့သည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ○